

# ၂၀၁၄–ခုနှစ်၊ မြန်မာနိုင်ငံ

## ပြောင်းလဲနေသော လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ


The Asia Foundation

Australian Government
Department of Foreign Affairs and Trade

Australian Aid











COVER IMAGE: Geoffrey Hiller
REPORT DESIGN: Kristin Kelly Colombano
PHOTOGRAPHY: Nick Freeman, Steven Rothfeld, Micah B Rubin

# ၂၀၁၄–ခုနှစ်၊ မြန်မာနိုင်ငံ

## ပြောင်းလဲနေသော လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ

အစီရင်ခံစာအကျဉ်းချုပ်

MYANMAR 2014: Civic Knowledge and Values in a Changing Society
SUMMARY REPORT

© The Asia Foundation
All rights reserved. No part of this book may be reproduced
without written permission from The Asia Foundation.

The Asia Foundation

465 California Street, 9th Floor
San Francisco, CA U.S.A. 94104
www.asiafoundation.org

This survey was funded by the Australian Department of Foreign Affairs and Trade.
The views expressed in this report do not necessarily reflect those of our funders.

# ကိန်းဂဏန်းဇယားများ


ပုံ ၁-၁။ အစိုးရမဏ္ဍိုင်များအား သိရှိမှု။ ...... ၈
ပုံ ၁-၂။ နိုင်ငံတော်အကြီးအကဲသည် မည်သူဖြစ်သနည်း။ (ပြည်နယ်အလိုက်) ...... ၉
ပုံ ၁-၃။ နိုင်ငံတော်သမ္မတအား မည်သူ ရွေးချယ်တင်မြှောက်ပါသနည်း။ ...... ၉
ပုံ ၁-၄။ ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများ။ ...... ၁၀
ပုံ ၁-၅။ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော တပ်မတော်သားကိုယ်စားလှယ် ရာခိုင်နှုန်း။ ...... ၁၁
ပုံ ၁-၆။ မည်သည့်တရားရုံးသည် အမြင့်ဆုံးတရားရုံး ဖြစ်သနည်း။ ...... ၁၁
ပုံ ၁-၇။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ အဓိကလုပ်ငန်းတာဝန်များ။ ...... ၁၂
ပုံ ၁-၈။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များ။ ...... ၁၂
ပုံ ၁-၉။ ကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ အဓိကလုပ်ငန်းတာဝန်များ။ ...... ၁၃
ပုံ ၁-၁၀။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အခွန်/အခ သတ်မှတ်ကောက်ခံခွင့် ရှိပါသလား။ ...... ၁၃
ပုံ ၁-၁၁။ သက်ဆိုင်ရာ အစိုးရကိုယ်စားလှယ်အမည်များသိသော ဖြေကြားသူများ။ ...... ၁၄
ပုံ ၁-၁၂။ မည်သည့်အစိုးရအဆင့် ဆုံးဖြတ်ချက်များသည် ပြည်သူအပေါ် ပိုမိုသက်ရောက်မှု ရှိပါသနည်း။ ...... ၁၄

ပုံ ၂-၁။ မိတ်ဆွေသူငယ်ချင်းများနှင့် နိုင်ငံရေး တိုင်ပင်ဆွေးနွေးဖြစ်မှု။ ...... ၁၅
ပုံ ၂-၂။ ၂၀၁၅ - ခုနှစ်တွင် ဆန္ဒမဲပေးရန် ရည်ရွယ်ချက်။ ...... ၁၆
ပုံ ၂-၃။ ဆန္ဒမဲပေးခြင်းဖြင့် ရရှိလာနိုင်မည့် တိုးတက်မှုအလားအလာ။ ...... ၁၆
ပုံ ၂-၄။ ၂၀၁၅ - ခုနှစ် ရွေးကောက်ပွဲများက အကျိုးသက်ရောက်နိုင်သည့် အလားအလာ။ ...... ၁၇
ပုံ ၂-၅။ ဒီမိုကရေစီ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ ...... ၁၇
ပုံ ၂-၆။ အစိုးရနှင့် ပြည်သူလူထုအကြား ဆက်ဆံရေး။ ...... ၁၈
ပုံ ၂-၇။ နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်ဟု လူအများ ယူဆကြပါသလား။ ...... ၁၈
ပုံ ၂-၈။ နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်ဟု လူအများ ယူဆကြပါသလား။ (ပြည်နယ်အလိုက်) ...... ၁၉
ပုံ ၂-၉။ လူကြိုက်မများသောနိုင်ငံရေးပါတီများအပေါ် ထားရှိသည့်သဘောထား။ ...... ၁၉
ပုံ ၂-၁၀။ လူကြိုက်မများသောနိုင်ငံရေးပါတီများတွင် အသိမိတ်ဆွေသူငယ်ချင်း ပါတီဝင်ဖြစ်မှုအပေါ် သဘောထား။ (ပြည်နယ်အလိုက်) ...... ၂၀

ပုံ ၃-၁။ လူအများက မိမိကိုယ်ကို မည်သို့ခံယူသတ်မှတ်ကြသနည်း။ ...... ၂၁
ပုံ ၃-၂။ တရားဥပဒေအရ တန်းတူအခွင့်အရေးရှိသင့်သည် ဆိုသည့်အချက်အပေါ် ယုံကြည်မှု။ ...... ၂၁
ပုံ ၃-၃။ တိုင်းရင်းသား လူနည်းစုများအတွက် အကူအညီများပိုမို ပေးသင့်သည်ဟု ယုံကြည်မှု။ ...... ၂၂
ပုံ ၃-၄။ ဘာသာရေးခေါင်းဆောင်များသည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သင့်ပါသလား။ ...... ၂၂
ပုံ ၃-၅။ ကလေးများ သင်ယူရန်အတွက် အရေးကြီးဆုံး အရည်အသွေးများ။ ...... ၂၃
ပုံ ၃-၆။ ခေါင်းဆောင်တစ်ဦးတွင်ရှိသင့်သည့် အရေးကြီးဆုံး အရည်အသွေးများ။ ...... ၂၃
ပုံ ၃-၇။ နိုင်ငံသားများ ပါဝင်ဆောင်ရွက်ခြင်း၏ အရေးကြီးပုံ။ ...... ၂၄

ပုံ ၃-၈။ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု။ ...... ၂၄
ပုံ ၃-၉။ လူအများစုကို ယုံကြည်နိုင်ပါသလား။ ...... ၂၅
ပုံ ၃-၁၀။ သင်၏ အိမ်နီးဝန်းကျင်မှ လူအများစုကို ယုံကြည်နိုင်ပါသလား။ ...... ၂၅
ပုံ ၃-၁၁။ လူအများစုကို ယုံကြည်နိုင်ပါသလား။ (မြေပုံ) ...... ၂၆
ပုံ ၃-၁၂။ အဖွဲ့အစည်းအမျိုးမျိုး၏ ဖြောင့်မတ်မှန်ကန်မှုနှင့်ပတ်သက်သော အမြင်များ။ ...... ၂၇
ပုံ ၃-၁၃။ အလုပ်ကြိုးစားခြင်းဆိုင်ရာ တန်ဖိုးထားမှု။ ...... ၂၈
ပုံ ၃-၁၄။ ဝင်ငွေမညီမျှမှုအပေါ် တန်ဖိုးထားမှု။ ...... ၂၈
ပုံ ၃-၁၅။ ယှဉ်ပြိုင်မှုဆိုင်ရာ တန်ဖိုးထားမှု။ ...... ၂၉
ပုံ ၃-၁၆။ အစိုးရနှင့် တစ်ဦးချင်းစီ တာဝန်ယူမှုအပေါ် တန်ဖိုးထားမှု။ ...... ၂၉
ပုံ ၃-၁၇။ ဥစ္စာဓန ရရှိမှု။ ...... ၂၉

ပုံ ၄-၁။ ကျား-မ ရေးရာနှင့် ပညာရေး။ ...... ၃၀
ပုံ ၄-၂။ ကျား-မ ရေးရာနှင့် နိုင်ငံရေးခေါင်းဆောင်မှု။ ...... ၃၁
ပုံ ၄-၃။ ကျား-မ ရေးရာနှင့် စီးပွားရေးခေါင်းဆောင်မှု။ ...... ၃၁

ပုံ ၅-၁။ ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခများအကြောင်း သိရှိမှု။ ...... ၃၂
ပုံ ၅-၂။ ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခများအကြောင်း သိရှိမှု။ (ပြည်နယ်အလိုက်) ...... ၃၃
ပုံ ၅-၃။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရသည့် အကြောင်းအရင်းများဟု ထင်မြင်ချက်များ။ ...... ၃၃
ပုံ ၅-၄။ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်မှု။ ...... ၃၄
ပုံ ၅-၅။ "ဖက်ဒရယ်ဝါဒ" ဟူသော ဝေါဟာရကို သိရှိမှု။ ...... ၃၅

ပုံ ၆-၁။ မြန်မာနိုင်ငံရှိကိစ္စရပ်များသည် လမ်းကြောင်းအမှန် သို့မဟုတ် လမ်းကြောင်းအမှား ဘက်သို့ သွားနေပါသလား။ ...... ၃၆
ပုံ ၆-၂။ လမ်းကြောင်းမှန်လား သို့မဟုတ် လမ်းကြောင်းမှားလား။ (ပြည်နယ်အလိုက်) ...... ၃၆
ပုံ ၆-၃။ လမ်းကြောင်းအမှန် — အကြောင်းပြချက်များ။ ...... ၃၇
ပုံ ၆-၄။ လမ်းကြောင်းအမှား — အကြောင်းပြချက်များ။ ...... ၃၈
ပုံ ၆-၅။ လွန်ခဲ့သောတစ်နှစ်နှင့် နှိုင်းယှဉ်ပါက စီးပွားရေး တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်မှု။ (မြေပုံ) ...... ၃၉
ပုံ ၆-၆။ ရပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် စိုးရိမ်ကြောင့်ကြခြင်း။ ...... ၄၀
ပုံ ၆-၇။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေသော အကြီးမားဆုံးပြဿနာများ။ ...... ၄၁
ပုံ ၆-၈။ ဒေသအဆင့်ရှိ အကြီးမားဆုံးပြဿနာများ။ ...... ၄၁
ပုံ ၆-၉။ ဒေသဆိုင်ရာ ပြဿနာများ ဖြေရှင်းရေးအတွက် မည်သူ့တွင် တာဝန်အရှိဆုံးဖြစ်သနည်း။ ...... ၄၂

ပုံ ၇-၁။ သတင်းအချက်အလက်များရရှိရာ အဓိကအရင်းအမြစ်။ ...... ၄၃

## အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံသည် သမားရိုးကျမဟုတ်သော အပြောင်းအလဲကာလတစ်ရပ်ကို ဖြတ်သန်းလျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် စစ်အုပ်ချုပ်ရေးစနစ်မှ အရပ်သားအစိုးရအသွင်သို့ ကူးပြောင်းမှုကို တံခါးပိတ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့လည်းကောင်း၊ သီးခြားရပ်တည်နေသောနိုင်ငံအဖြစ်မှ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာသော နိုင်ငံအဖြစ်သို့လည်းကောင်း၊ လက်နက်ကိုင်လူမျိုးစုအဖွဲ့ပေါင်းစုံနှင့် ဆယ်စုနှစ်များစွာ ပဋိပက္ခ ဖြစ်ပွားနေခဲ့ရာမှသည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်နေမှုများကလည်းကောင်း သာဓကပြလျက်ရှိသည်။ သို့ရာတွင် အစိုးရနှင့် ပြည်သူလူထုအတွင်းရှိ ကဏ္ဍများစွာတို့တွင် ခေတ်မီ အသိပညာဗဟုသုတ အရေးပေါ်လိုအပ်မှုနှင့် စွမ်းရည်ချို့တဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများက အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အပေါ် သံသယဝင်နေမှုတို့ကြောင့် တိုတောင်းလှသော ကာလသတ်မှတ်ချက်အတွင်း ထိုသို့ကြီးမားအရေးပါသော ပြောင်းလဲမှုများကို အောင်မြင်အောင်လုပ်ဆောင်ရန်မှာ မလွယ်ကူလှပေ။ လက်ရှိ ပြုပြင်ပြောင်းလဲမှုသည် စစ်မှန်၍ အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုကို သယ်ဆောင်လာနိုင်ခြင်း ရှိ-မရှိနှင့် ခရိုနီ အရင်းရှင်ဝါဒနှင့် နိုင်ငံရေးစနစ်ဟောင်းလမ်းကြောင်းများသို့ ပြန်လည်ရောက်ရှိသွားမည်လားဟူ၍ သံသယဖြစ်သူများစွာတို့ လူ့အဖွဲ့အစည်းအတွင်း၌ ကျန်ရှိနေဆဲဖြစ်သည်။

ဤသို့သော စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည့် အခြေအနေတွင် အစိုးရအဖွဲ့အစည်းသစ်များနှင့် လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထု၏ အသိအမြင်ဗဟုသုတကို မှတ်တမ်းတင်နိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိုးရ-ပြည်သူလူထုဆက်ဆံရေးအကြောင်း ဖော်ပြနိုင်မည့် မတူညီသော လူမျိုးစုနှင့် ဘာသာရေးနောက်ခံမှလာသောသူများ ခံယူထားသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးတန်ဖိုးများကို စံနှုန်းတိုင်းတာ သတ်မှတ်ရေးတို့အတွက် အာရှဖောင်ဒေးရှင်းမှ ၂၀၁၄ - ခုနှစ်တွင် စစ်တမ်းကောက်ယူမှု တစ်ရပ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပါခဲ့သည်။ စစ်တမ်းကောက်ယူမှုကို မေလ နှင့် ဇွန်လအတွင်း ပြုလုပ်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုလုံးမှ ဖြေဆိုသူ ၃၀၀၀ ကျော်တို့အား လူတွေ့တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တန်းတူညီမျှဖြစ်သော်လည်း ယင်းတို့တွင် မတူညီသော သမိုင်းအခြေခံများ ရှိကြသည်။ ပြည်နယ်များတွင်မူ လူနည်းစုတိုင်းရင်းသားဦးရေကျယ်ပြန့်စွာပါဝင်ပြီး တိုင်းဒေသကြီးများတွင်မူ ဗမာတိုင်းရင်းသားအများစု နေထိုင်ကြသည်။ ပြည်နယ်များတွင် နေထိုင်သူများ၏ အမြင်များအား နားလည်သဘောပေါက်မှု ခိုင်မာစေရန် ပြည်နယ်များတွင် နမူနာကောက်ယူသည့် အရေအတွက်ကို အနည်းငယ်တိုးမြှင့်ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစု အချက်အလက်များမှာ ရှုပ်ထွေးများပြားသောကြောင့် ဤစစ်တမ်းတွင် အစီရင်ခံထားသော ပြည်နယ်များ၏ အမြင်များကို တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်ပိုင်အမြင်များအဖြစ် မှတ်ယူခြင်း မပြုသင့်ကြောင်း သတိပြုရန်လိုပါသည်။

မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစောပိုင်းအဆင့်များ၌ လူများသည် ယေဘုယျအားဖြင့် အနာဂတ်အတွက် မျှော်လင့်ချက်ထားကြသည့်တိုင် ထိုအကောင်းမြင်မှုသည် စိန်ခေါ်မှုမြောက်များစွာတို့ကြောင့် လျော့ပါးလာခဲ့ကြောင်း စစ်တမ်းကောက်ယူချက်များတွင် တွေ့ရှိခဲ့ရပါသည်။ အစိုးရအဆင့်အမျိုးမျိုး အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းပုံများ၊ လုပ်ငန်းများနှင့်ပတ်သက်၍ပြည်သူလူထုတွင် အသိပညာ ဗဟုသုတ နည်းပါးသည်ကို သုတေသနရလဒ်များက ဖော်ပြလျက်ရှိသည်။ အခြားတစ်ဘက်တွင်မူ ၎င်းတို့သည် ပြည်ထောင်စုအဆင့် အစိုးရနှင့်ပတ်သက်သော ဗဟုသုတ၊ ပြည်သူလူထုနှင့်ထိတွေ့မှု အမြင့်မားဆုံးဖြစ်သော အနိမ့်ဆုံးအဆင့်များဖြစ်သည့် ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေး ဗဟုသုတများကို အသိရှိဆုံးဖြစ်ကြသည်။ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရေးအတွက် စိတ်ကူးထဲတွင် အခိုင်အမာ လိုလားနှစ်သက်ကြပြီး ဆန္ဒမဲပေးခြင်းသည် အပြုသဘောဆောင်သော ပြောင်းလဲမှုကို ယူဆောင်လာလိမ့်မည်ဟု မြင့်မြင့်မားမား မျှော်မှန်းထားကြပါသည်။ သို့သော် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း၏ အခြေခံမှုများနှင့် အလေ့အကျင့်များကို လူအနည်း

အကျဉ်းသာ နားလည်သဘောပေါက်ကြပါသည်။ ဒီမိုကရေစီစနစ်က ယခင်ကမရရှိခဲ့သည့် လွတ်လပ်မှုအသစ်များ ဆောင်ကျဉ်းပေးသည်ဟု ရှုမြင်ကြသော်လည်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုက အုပ်ချုပ်သောစနစ်ဖြစ်သည်ဟု ဆက်စပ်နားလည်မှု အလွန်နည်းပါး နေပါသေးသည်။ ပြည်သူလူထုအကြား အချင်းချင်း ယုံကြည်မှု အထူးတလည်နည်းပါးပြီး၊ နိုင်ငံရေးသဟဇာတ မဖြစ်မှုများက နက်နဲစွာ အစွန်းရောက်ကွဲပြားလျက်ရှိသည်။ ကျား-မ တန်ဖိုး ထားမှုသည် အစဉ်အလာအတိုင်းပင် မြင့်မားစွာ တည်ရှိနေဆဲဖြစ်ပြီး၊ နိုင်ငံရေးနှင့်စီးပွားရေးတွင် အမျိုးသားများက အမျိုးသမီးများထက် သာလွန်သော ခေါင်းဆောင်များအဖြစ် ဆောင်ရွက်နိုင်ကြသည်ဟူသော အမြင်သည် ဖြေဆိုသူအမျိုးသားရော အမျိုးသမီးများတွင် တူညီကြောင်း တွေ့ရသည်။

ခြုံ၍ဆိုရပါမူ နိုင်ငံရှိ လက်ရှိအခြေအနေကို ပြည်သူလူထုက အကောင်းမြင်ကြသော်လည်း ပြည်နယ်များ အကြားတွင် အကောင်းမြင်မှု ကျဆင်းလာခြင်းနှင့်အတူ မသေချာမရေရာမှုတို့ အနှံ့အပြား ပေါ်ပေါက်လျက်ရှိသည်။ နိုင်ငံသည် လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းနေကြောင်း ယုံကြည်သည်ဟု တုံ့ပြန်ဖြေဆိုသူများက လမ်းများ၊ စာသင်ကျောင်းများ တည်ဆောက်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ ခိုင်မာသောရလဒ်များအဖြစ် ကိုးကားခဲ့ကြသော်လည်း၊ ဆန့်ကျင်ဖက်ရှုမြင်သူများကမူ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ၊ စီးပွားရေးကျပ်တည်းမှု သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ခြင်းမရှိမှု၊ ခက်ခဲရှုပ်ထွေးသော အုပ်ချုပ်မှုနှင့် အကျင့်ပျက်ခြစားမှုတို့ကို အလေးပေးပြောကြားကြသည်။ စီးပွားရေးနှင့်ပတ်သက်သည့် လုပ်ဆောင်နိုင်စွမ်းကိုဖော်ပြသော ကိန်းဂဏန်းများသည် ပြည်သူလူထု အလေးထား ပူပန်သည့် အရာဖြစ်ပြီး နိုင်ငံ၏အခြေအနေအပေါ် ၎င်းတို့ မည်သို့ခံစားကြရသည်ကိုဖော်ပြသော အဓိကညွှန်းကိန်းအဖြစ် ထင်ဟပ်လျက်ရှိသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဈေးကွက်ကို ဦးတည်သော ပြုပြင်ပြောင်းလဲရေးကို ဆက်လက်ဆောင်ရွက်နေသကဲ့သို့ အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို မှန်ကန်စွာ ထိန်းချုပ်မောင်းနှင်လျှင် စီးပွားရေးဆိုင်ရာ တန်ဖိုးထားမှုများသည် အနာဂတ်အတွက် အကျိုးဖြစ်ထွန်းလာမည်ဟု ပြည်သူလူထုက အရိပ်အယောင်ပြ ဖွင့်ဟပြောကြားကြသည်။ ပြိုင်ဆိုင်မှု၊ တစ်ဦးချင်း ကြိုးပမ်းအားထုတ်မှုနှင့် အလုပ်ကြိုးစားမှုတို့သည် သာလွန်ကောင်းမွန်သော ဘဝကိုဖြစ်ပေါ်လာစေရေးအတွက် ထောက်ပံ့ပေးပြီး လူတိုင်းအတွက် အကျိုးရှိစေသည့် လုံလောက်သည့် စီးပွားရေးအခွင့်အလမ်းများ ဖြစ်ထွန်းစေမည်ဟု အများက ခိုင်မာစွာ ယူဆလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ တရားမျှတပြီး ပေါင်းစည်းညီညွတ်သော လူ့အဖွဲ့ အစည်းတစ်ရပ် ခိုင်မာစွာဖြစ်ထွန်းရေးတွင် အစိုးရသည် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်လိမ့်မည်ဟူသော မြင့်မားသည့် မျှော်လင့်ချက်ကို ပြည်သူလူထုက ဆက်လက်ကိုင်စွဲထားကြသည်။

ဤကဲ့သို့သောစစ်တမ်းမျိုးသည် မြန်မာနိုင်ငံအတွက်အသစ်ဖြစ်နေခြင်း၊ ထို့ပြင် ၂၀၁၁ - ခုနှစ်တွင်မှ စတင်ပေါ်ပေါက်လာသည့် အစိုးရအဖွဲ့အစည်းသစ်များနှင့် လုပ်ငန်းစဉ်သစ်များကြောင့် "မသိပါ" ဟု ဖြေဆိုသူ ရာခိုင်နှုန်း မြင့်မားရခြင်းမှာ အံ့သြဖွယ်တော့မဟုတ်ပေ။ ဖြေဆိုရန် ငြင်းဆန်သောနှုန်းမှာ အလွန်နည်းပါးပြီး အနိမ့်ဆုံးအစိုးရအဆင့်ဖြစ်သော ကျေးရွာအုပ်စုများ၊ ရပ်ကွက်အဆင့်အစိုးရများနှင့် ပတ်သက်သော မေးခွန်းများနှင့် မိမိကိုယ်ကို မည်သို့ခံယူကြောင်းစသည့် မေးခွန်းများတွင် "မသိပါ" ဟူသော ဖြေဆိုမှုများ သိသာစွာကျဆင်းသည်ကို တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် လူအများက သုတေသနမေးခွန်းများကို ဖြေဆိုရန် စိုးရိမ်ကြောက်ရွံ့မှုမရှိကြောင်း ဤအချက်က ပြသနေသည်။ သို့သော် ဗဟုသုတနှင့် သတင်းအချက်အလက်ဆိုင်ရာများတွင် ထင်ရှားသော အလှမ်းကွာဟမှုနှင့် ကြုံတွေ့နေကြရသည်ကိုလည်း ဖော်ပြနေပါသည်။ အမျိုးသမီးများသည် အမြဲတမ်းလိုလိုပင် အမျိုးသားများထက် ဗဟုသုတအားနည်းကြပြီး ပြည်နယ်များရှိ ဖြေဆိုသူများသည် တိုင်းဒေသကြီးများရှိ ဖြေဆိုသူများထက် ဗဟုသုတအားနည်းကြပါသည်။ ပြည်နယ်များအကြားတွင်လည်း ဗဟုသုတရှိမှုအဆင့် အမျိုးမျိုးကွဲပြားကြောင်း တွေ့ရှိရပါသည်။


စစ်တမ်းမှရရှိထားသော အချက်အလက်များသည် ဆန်းစစ်ချက်များထပ်မံပြုလုပ်ရန် ပေါများကြွယ်ဝစွာ ရှိနေပြီး၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ အမျိုးသားလွှတ်တော်နှင့် ဒေသဆိုင်ရာ လွှတ်တော်များ၊ နိုင်ငံ

ရေးပါတီများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် မိတ်ဘက်အဖွဲ့အစည်းများအတွက်လည်း အကျိုးသက်ရောက်မှုရှိပါသည်။ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခိုင်မာတိုးတက်စေရန်အတွက် အဓိက အစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များအကြောင်း ပြည်သူလူထု၏ အသိအမြင်ဗဟုသုတ တိုးပွားလာစေရေးကို အထူးအလေးထား ကြိုးပမ်းရမည်ဖြစ်ပေသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးကို ဆောင်ရွက်လျက်ရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်အဆင့်ရှိ အစိုးရအဖွဲ့များ ၏ အခန်းကဏ္ဍကို နိုင်ငံသားအနည်းငယ်မျှကသာ ရှင်းလင်းစွာ နားလည်သဘောပေါက်ကြပါသည်။ မူဝါဒများနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် ပြည်သူလူထုက ထုတ်ဖော်ပြောကြားသော နိုင်ငံရေးနှင့် စီးပွားရေးဘဝ၊ လူမှုယုံကြည်မှု၊ လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ သဘောထားကြီးမှု၊ ကျား-မ ရေးရာကဏ္ဍ စသည်တို့အပေါ် တန်ဖိုးစနစ်များကို ထည့်သွင်းစဉ်းစားသင့်ပေသည်။ ပြည်နယ်များနှင့် အမျိုးသမီးများအကြားတွင် ဖြစ်တည်နေသော ဗဟုသုတအဆင့် အမြဲတမ်းနိမ့်ကျနေခြင်းကိုလည်း ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပေသည်။ နိဂုံးချုပ်အားဖြင့် ဤစစ်တမ်းတွင် စုစည်းရယူခဲ့သော အချက်အလက်များသည် ပြည်သူလူထုမျှော်မှန်းထားသော အုပ်ချုပ်မှုနှင့် တရားမျှတမှုကို ခိုင်မာတောင့်တင်းသော၊ ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ဖြစ်စေသော၊ အားလုံးအတွက် စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် မြန်မာနိုင်ငံသစ်အတွက် မျှော်မှန်းချက်အပေါ် ကျယ်ပြန့်သော ပြည်သူလူထု ဆွေးနွေးမှုများ အဆင့်ဆင့်အတွက် အခြေခံတစ်ရပ်အဖြစ် ဖြည့်ဆည်းပေးမည်ဟု မျှော်လင့်ပါသည်။ ၂၀၁၄ - ခုနှစ်တွင်း မြန်မာနိုင်ငံရှိ ပြည်သူ့အသိပညာ ဗဟုသုတနှင့် တန်ဖိုးများ၊ နိုင်ငံတော်-လူအဖွဲ့အစည်း ဆက်ဆံရေး သဘာဝတို့အပေါ် ပထမဦးဆုံးပြုလုပ်သော ဤစစ်တမ်းသည် လာမည့်နှစ်များအတွင်း နိုင်ငံ၏ တိုးတက်မှုများ ဆန်းစစ်ရေးအတွက် နှိုင်းစံတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။

# အစိုးရနှင့်ပတ်သက်သော ဗဟုသုတ


**အစိုးရနှင့်ပတ်သက်သော ဗဟုသုတ နည်းပါးသည်။** ယေဘုယျအားဖြင့် အစိုးရ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် ပတ်သက်သော အခြေခံဗဟုသုတ နည်းပါးကြောင်း ဤစစ်တမ်းက ဖော်ပြနေသည်။ ဖြေဆိုသူရာခိုင်နှုန်း အတော်များများ ဖြစ်သော ၈၂% က အစိုးရ၏မဏ္ဍိုင်များမှာ မည်သည်တို့ဖြစ်သည်ကို ဖြေကြားနိုင်ခြင်းမရှိကြပေ။ မှန်ကန်စွာပြောနိုင်မှုနည်းပါး ပြီး အုပ်ချုပ်ရေးတွင် ၁၄% ၊ ဥပဒေပြုရေးတွင် ၃% နှင့် တရားစီရင်ရေးတွင် ၂% သာ ရှိပါသည်။ ဖြေဆိုသူအများစုက အုပ်ချုပ်မှုရေးမဏ္ဍိုင်အကြောင်းကို ပိုမိုသိရှိကြပြီး ဖြေဆိုသူအားလုံး၏ ၈၇ % က နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံ၏အကြီး အကဲဖြစ်ကြောင်း မှန်ကန်စွာ ခွဲခြားဖော်ပြနိုင်ကြသည်။ တိုင်းဒေသကြီးများရှိ ဖြေကြားသူများ၏ ၉၃% သည် မှန်ကန်စွာ ဖြေကြားခဲ့ကြပြီး ပြည်နယ်များတွင် ၇၃% သာ မှန်ကန်စွာ ဖြေကြားနိုင်မှုကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား ဗဟုသုတရှိမှုတွင် သိသိသာသာ ကွာခြားမှုရှိကြောင်း တွေ့ရှိနိုင်ပါသည်။

**ပုံ ၁-၁။ အစိုးရမဏ္ဍိုင်များအား သိရှိမှု။**
(အဖြေတစ်ခုထက်ပိုနိုင်)




အနီးစပ်ဆုံး ကိန်းပြည့်များယူထားသဖြင့် အချို့ဇယားများမှာ ၁၀၀ ရာခိုင်နှုန်းအပြည့် ရှိမည်မဟုတ်ပါ။ ထို့ပြင် အဖြေတစ်ခုထက်ပို ပေးနိုင်လျှင်ဖြစ်စေ၊ ဖြေဆိုမှုများကို ပေါင်းစည်းတင်ပြထားလျှင်ဖြစ်စေ သိသာအောင် ဖေါ်ပြထားပါသည်။ အထွေအထူး ဖော်ပြမထားခဲ့ပါက ဖြေဆိုသူအရေအတွက်ကို ကိုယ်စားပြုသော "N" တန်ဖိုးမှာ ၃၀၀၀ ဖြစ်ပါသည်။

**ပုံ ၁-၂။ နိုင်ငံတော် အကြီးအကဲသည် မည်သူဖြစ်သနည်း။ (ပြည်နယ်အလိုက်)**





**အဓိကကျသော အစိုးရရာထူးများ ရွေးချယ်/ခန့်ထားရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်သူလူထုတွင် ဗဟုသုတ နည်းပါးသည်။ ဖြေကြားသူအတော်များများ (၉၅%)က ၎င်းတို့သည် ၂၀၁၀** - ပြည့်နှစ် ရွေးကောက်ပွဲများတွင် မဲပေးပါဝင်ခဲ့ကြသည်ဟု ပြောကြားကြသော်လည်း ၎င်းတို့၏အချို့တစ်ဝက်က အဓိကကျသောအစိုးရပုဂ္ဂိုလ်များကို နိုင်ငံသားများက တိုက်ရိုက်ရွေးချယ် တင်မြှောက်ခဲ့ကြသည်ဟု လွဲမှားစွာယူဆထားကြသည်။ နိုင်ငံတော်သမ္မတအား ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် သွယ်ဝိုက်ရွေးချယ် တင်မြှောက်ကြောင်းကို ဖြေကြားသူအားလုံး၏ ၁၂% ကသာ သိရှိပြီး သုံးပုံတစ်ပုံ (၃၆%) က မသိရှိကြပေ။ နိုင်ငံတော်သမ္မတကို သာမန်နိုင်ငံသားများက တိုက်ရိုက်ရွေးချယ် တင်မြှောက်ခဲ့သည်ဟု (၄၄%) က မှားယွင်းစွာယုံကြည်ထားကြသည်။ အလားတူပင် ဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်တင်မြှောက်ခြင်းနည်းလမ်းကို အသုံးပြုသည်ဟု ဖြေကြားသူအားလုံး၏ ၃၂% က ယုံကြည်ကြပြီး၊ ဝန်ကြီးချုပ်အား နိုင်ငံတော်သမ္မတကသာ ခန့်အပ်သည် ဆိုသည့် အဖြေမှန်ကိုမူ ၂၂ % ကသာဖြေကြားနိုင်ခဲ့သည်။ ထိုမေးခွန်းများနှင့် ဆက်စပ်နေသော ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်မှုနှင့်ပတ်သက်၍ ဖြေဆိုသူ ၂၅% က နိုင်ငံတော်သမ္မတတွင် တာဝန်ရှိသည်ဟူ၍ မှန်ကန်စွာဖြေဆိုခဲ့ကြပြီး ၁၇% က မူ ဝန်ကြီးများကို မဲဆန္ဒရှင်များက ရွေးချယ်ကြသည်ဟု ယုံကြည်ကြသည်။

**ပုံ ၁-၃။ နိုင်ငံတော်သမ္မတအား မည်သူ ရွေးချယ်တင်မြှောက်ပါသနည်း။**

| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး | ကျား | မ |
|---|---|---|---|---|---|
| ပြည်သူ၊ မဲပေးသူများ | 44% | 40% | 46% | 48% | 41% |
| ပြည်ထောင်စုလွှတ်တော် | 12% | 6% | 13% | 14% | 10% |
| တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | 6% | 4% | 7% | 7% | 5% |
| မသိပါ | 36% | 48% | 31% | 28% | 43% |


**ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များရှိ ဥပဒေပြုရေးမဏ္ဍိုင်၏ လုပ်ငန်းတာဝန်များ အကြောင်းကို ပြည်သူလူထုက အနည်းအကျဉ်းသာသိရှိကြသည်။** 'ပြည်ထောင်စုလွှတ်တော်သည် ဥပဒေကြမ်းများအား ဥပဒေအဖြစ် ပြဋ္ဌာန်းသောအဖွဲ့အစည်းဖြစ်သည်' ဟု မှန်ကန်စွာ ဖြေကြားသူ အနည်းအကျဉ်း (၁၅%) သာရှိပြီး ၇၆% မှာမူ မသိရှိကြပါ။ ဖြေကြားသူများသည် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များ နှစ်ရပ်စလုံးကို ဥပဒေပြုရေး (ပြည်ထောင်စု ၁၄%၊ ပြည်နယ်/တိုင်း ဒေသကြီး ၁၁%) သို့မဟုတ် ဘတ်ဂျက်ခွဲဝေသတ်မှတ်ရေးနှင့် ကြီးကြပ်ရေး (ပြည်ထောင်စု ၄%၊ ပြည်နယ်/တိုင်းဒေသကြီး ၄%) တို့ထက် လူထုကိုယ်စားပြုသော လုပ်ငန်းတာဝန်များနှင့် (ပြည်ထောင်စု ၄၄%၊ ပြည်နယ်/တိုင်း ဒေသကြီး ၄၅%) ပိုမိုဆက်စပ်မိသည်။ တွေ့ဆုံမေးမြန်းခဲ့သူအားလုံး၏ ထက်ဝက်နီးပါးက လွှတ်တော်များ၏ လုပ်ငန်းတာဝန်များကို မသိရှိပါဟု ဖြေကြားခဲ့သည်။

**ပုံ ၁-၄။ ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများ။**
(အဖြေတစ်ခုထက်ပိုနိုင်)




**တပ်မတော်အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ၂၅% သီးခြားချန်လှပ်ထားခြင်းအပေါ် သိရှိမှုနည်းပါးသည်။**
ပြည်ထောင်စုလွှတ်တော်ရှိ ကာကွယ်ရေးအမှုထမ်း ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းကို ဖော်ပြရန် မေးသောအခါ ဖြေကြားသူများ၏ ၆၈% က မသိရှိပါဟု ဖြေကြားကြပြီး ၁၅% ကသာ အဖြေမှန်ဖြစ်သည့် (၂၅%) ဖြစ်ကြောင်းကို ဖြေကြားနိုင်ကြသည်။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နေခြင်း ရှိ၊ မရှိကို မေးမြန်းသောအခါ ၄၉% က မသိကြဘဲ ၃၉% က ရှိသည်ဟု ယူဆကြပြီး ၁၃% က မရှိဟု ယူဆကြသည်။ ထိုအဖြေရလဒ်ကို စိတ်ဖြာကြည့်သောအခါ ၄၂% ဖြင့် တိုင်းဒေသကြီးများတွင် ပို၍မှန်ကန်စွာ ဖြေကြားနိုင်ဖွယ်ရှိပြီး ပြည်နယ်များတွင်မူ ၂၉% ကသာ မှန်ကန်စွာ ဖြေကြားနိုင်ကြသည်။

**ပုံ ၁-၅။ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော တပ်မတော်သားကိုယ်စားလှယ် ရာခိုင်နှုန်း။**





**တရားစီရင်ရေးနှင့် ပတ်သက်သော ဗဟုသုတသည် အနည်းပါးဆုံးဖြစ်သည်။** မြန်မာနိုင်ငံရှိ အမြင့်ဆုံးတရားရုံး၏ အမည်ကို မေးသောအခါ အများစု (၅၆%) က ၎င်းတို့မသိကြပဟု ဖြေဆိုကြသည်။ ဖြေကြားသူများ၏ သုံးပုံတစ်ပုံ (၂၉%) ကမူ တရားရုံးချုပ်ဟု မှန်ကန်စွာ ဖြေဆိုနိုင်ကြပြီး ၇% က ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တရားရုံးဟူ၍လည်းကောင်း၊ ၅% က မြို့နယ်တရားရုံး ဟူ၍လည်းကောင်း၊ ၂% က ခရိုင်တရားရုံး ဟူ၍လည်းကောင်း ဖြေကြားကြသည်။ တရားရုံးချုပ်ရှိ တရားသူကြီးချုပ်ကို ရွေးချယ်တင်မြှောက်သလား၊ သမ္မတက ခန့်အပ်သလားဟု မေးသောအခါ ဖြေကြားသူများ၏ ထက်ဝက် (၅၀%) က သမ္မတခန့်အပ်ခြင်း ဖြစ်သည်ဟု မှန်ကန်စွာဖြေကြားကြပြီး ၁၅% ကမူ တရားသူကြီးချုပ်ကို မဲဆန္ဒရှင်များက ရွေးချယ်တင်မြှောက်သည်ဟု ယုံကြည်ကြသည်။ သုံးပုံတစ်ပုံကျော် (၃၅%) ကမူ ၎င်းတို့ မသိရှိကြောင်း ပြောကြားသည်။

**ပုံ ၁-၆။ မည်သည့်တရားရုံးသည် အမြင့်ဆုံးတရားရုံး ဖြစ်သနည်း။**


| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး | ကျား | မ | ကျေးလက် | မြို့ပြ |
|---|---|---|---|---|---|---|---|
| တရားရုံးချုပ် | 29% | 18% | 34% | 35% | 24% | 23% | 43% |
| ပြည်နယ်၊ တိုင်းဒေသကြီး တရားရုံး | 7% | 7% | 7% | 7% | 7% | 7% | 9% |
| မြို့နယ်တရားရုံး | 5% | 4% | 5% | 4% | 5% | 6% | 2% |
| ခရိုင်တရားရုံး | 2% | 2% | 2% | 2% | 2% | 2% | 3% |
| မသိပါ | 56% | 68% | 51% | 51% | 61% | 62% | 41% |

**ပြည်သူလူထုသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အမျိုးမျိုးထက် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့နှင့် ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များအကြောင်းကို ပိုမိုသတိပြုမိကြသည်။** ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအမျိုးမျိုးတို့၏ အဓိကလုပ်ငန်းတာဝန်များကို ဖော်ပြပေးရန် မေးမြန်းသောအခါ ၇၆% က ၎င်းတို့သည် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို မသိရှိကြောင်း ဖြေကြားကြပြီး ၆၈% ကမူ မြို့နယ်အစိုးရ၏ လုပ်ငန်းတာဝန်များကို မသိရှိဟု ဖြေကြားကြသည်။ ထိုဖြေကြားချက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ၃၃% ကသာ ၎င်းတို့သည် ကျေးရွာအုပ်စုသို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ တာဝန်ဝတ္တရားများကို မသိရှိဟု ဆိုသည်။


**ပုံ ၁-၇။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ အဓိကလုပ်ငန်းတာဝန်များ။** (ဖြေဆိုမှုသုံးခုပေါင်း)




**ပုံ ၁-၈။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များ။** (ဖြေဆိုမှုသုံးခုပေါင်း)




**ပုံ ၁-၉။ ကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ အဓိကလုပ်ငန်းတာဝန်များ။** (ဖြေဆိုမှုသုံးခုပေါင်း)





ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ အစိုးရများတွင် အခွန်သတ်မှတ်ရန် သို့မဟုတ် အခကြေးငွေစည်းကြပ်ရန် လုပ်ပိုင်ခွင့်ရှိ - မရှိ မေးမြန်းရာတွင် သုံးပုံတစ်ပုံ (၃၁%) ကသာ ထိုလုပ်ပိုင်ခွင့်ရှိကြောင်း မှန်ကန်စွာဖြေဆိုကြပြီး နောက်သုံးပုံတစ်ပုံ (၃၆%) က လုပ်ပိုင်ခွင့်မရှိဟု ယူဆကြသည်။ ကျန်သော သုံးပုံတစ်ပုံ (၃၃%) ကမူ ထိုလုပ်ပိုင်ခွင့်ရှိ - မရှိကို မသိရှိကြပေ။ ဖြေဆို သူ ၄% ကသာ ၎င်းတို့ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမည်များကို မှန်ကန်စွာ ပြောပြနိုင်ခြင်းက ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ၏ လုပ်ငန်းများနှင့်ပတ်သက်သော ဗဟုသုတမှာ အထူးနည်းပါးကြောင်း ဖော်ပြနေသည်။ ၎င်းအနေအထားနှင့် ဆန်ကျင်စွာပင် ဖြေကြားသူအားလုံး၏ ၈၅% က ၎င်းတို့ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးအမည်ကို မှန်ကန်စွာ ဖော်ပြနိုင်ကြသော်လည်း ၁၆% ကသာ ၎င်းတို့၏ ဝန်ကြီးချုပ်အမည်ကိုလည်းကောင်း၊ ၇% ကသာ၎င်းတို့ မြို့နယ်အုပ်ချုပ်ရေးမှူး အမည်ကိုလည်းကောင်း သိရှိကြသည်။

**ပုံ ၁-၁၀။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အခွန်/အခ သတ်မှတ်ကောက်ခံခွင့် ရှိပါသလား။**




၎င်းတို့၏ဘဝများအပေါ် မည်သည့်အစိုးရအဆင့်၏ ဆုံးဖြတ်ချက်များက အကျိုးအသက်ရောက်ဆုံး ဖြစ်သည်ဟု ခံစားရကြောင်းကိုလည်း ဤစစ်တမ်းက လေ့လာခဲ့ပါသည်။ ဖြေကြားသူများ၏ ၂၉% ကနိုင်ငံတော်အစိုးရဟုဆိုပြီး ၂၀% က ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်ဟုဆိုကြသည်။ မည်သည့်အစိုးရ၏ ဆုံးဖြတ်ချက်များကမှ ၎င်းတို့၏ ဘဝများကို ထိခိုက်မှုမရှိ (၁၄%) သို့မဟုတ် မတူညီသော အဆင့်များရှိ အစိုးရများ၏ ဆုံးဖြတ်ချက်များသည် ၎င်းတို့၏ ဘဝများကို အညီအမျှ ထိခိုက်မှုရှိသည် (၁၂%) ဟုယူဆသော ရာခိုင်နှုန်းများမှာ ကွာခြားမှု သိပ်မရှိကြပေ။ ကျန် ၂၁% ကမသိရှိဟု ဖြေကြားကာ ၃% ကသာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၏ ဆုံးဖြတ်ချက်များက ၎င်းတို့ဘဝများကို အထိခိုက်ဆုံးဖြစ်သည်ဟုလည်းကောင်း၊ ၂% က မြို့နယ်အစိုးရများ၏ ဆုံးဖြတ်ချက်များက အထိခိုက်ဆုံးဖြစ်သည်ဟုလည်းကောင်း အသီးသီးဖြေကြားသည်။

**ပုံ ၁-၁၁။ သက်ဆိုင်ရာ အစိုးရကိုယ်စားလှယ်အမည်များသိသော ဖြေကြားသူများ။**




**ပုံ ၁-၁၂။ မည်သည့်အစိုးရအဆင့် ဆုံးဖြတ်ချက်များသည် ပြည်သူအပေါ် ပိုမိုသက်ရောက်မှု ရှိပါသနည်း။**




## နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ဒီမိုကရေစီအား နားလည်သဘောပေါက်မှု

**ပြည်သူလူထုသည် ရွေးကောက်ပွဲတွင် ပါဝင်မှုနှုန်း မြင့်မားသော်လည်း "နိုင်ငံရေး" တွင် စိတ်ဝင်စားမှု နည်းပါးသည်ဟု ဖြေကြားကြသည်။** ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော စစ်ဘက်အုပ်ချုပ်ရေးနှင့် နိုင်ငံရေးတားဆီးပိတ်ပင်ခဲ့မှုများကြောင့် မြန်မာနိုင်ငံတွင် 'နိုင်ငံရေး' ဟူသောဝေါဟာရသည် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေပါသည်။ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း၊ ဆွေးနွေးခြင်းသည် အန္တရာယ်ရှိသည် (သို့မဟုတ်) ပါဝင်ဆွေးနွေးနိုင်ရန် သာမန်ပြည်သူများ မစွမ်းနိုင်၊ ကျွမ်းကျင်မှု လိုအပ်သည်ဟု ရှုမြင်လာခဲ့ကြသည်။ နိုင်ငံရေးတွင် အခိုင်အမာစိတ်ဝင်စားကြောင်း ဖြေဆိုခဲ့သူ ရှားပါးသော်လည်း ဆန္ဒမဲ ပေးခြင်းဖြင့် နိုင်ငံရေးအသိနှင့် စိတ်ဝင်စားမှုကို တစ်နည်းတစ်လမ်းဖြင့် ပြသနေကြောင်း စစ်တမ်းရလဒ်များက ဖော်ပြနေ သည်။


ခြုံ၍ဆိုရလျှင် ဖြေကြားသူများ၏ ၅% ကသာ နိုင်ငံရေးကို အလွန်စိတ်ဝင်စားသည်ဟု ပြောကြားကြပြီး၊ နိုင်ငံရေး အကြောင်း ကို သူငယ်ချင်းများနှင့် ၉% က မကြာခဏဆွေးနွေးပြီး၊ ၃% ကမူ အချိန်ပြည့်နီးပါး ဆွေးနွေးကြသည်ဟု တုံ့ပြန်ကြပါသည်။ ဖြေကြားသူအားလုံး၏ ၄၆% က ၎င်းတို့သည် နိုင်ငံရေးကို စိတ်မဝင်စားကြောင်း၊ ၄၉% က သူငယ်ချင်းများနှင့် နိုင်ငံရေးကို မည်သည့်အခါမျှ မဆွေးနွေးကြောင်း ဖြေကြားသည်။ အမျိုးသမီးများက နိုင်ငံရေးတွင် စိတ်ဝင်စားမှုနည်းကြောင်းတွေ့ရပြီး၊ နိုင်ငံရေးအကြောင်း သူငယ်ချင်းများနှင့် ဆွေးနွေးမှု မရှိကြောင်း ဖြေကြားသူများတွင် အမျိုးသမီးများက (၅၉%) ဖြင့် အမျိုးသားများ (၄၁%)ထက်များကြောင်း တွေ့ရသည်။

**ပုံ ၂-၁။ မိတ်ဆွေသူငယ်ချင်းများနှင့် နိုင်ငံရေး တိုင်ပင်ဆွေးနွေးဖြစ်မှု။** (N=1610)





ထိုအခြင်းအရာက နိုင်ငံရေးတွင် စိတ်ဝင်စားမှုနည်းပါးကြောင်း ပြသနေသော်လည်း ရွေးကောက်ပွဲတွင် ပါဝင်မဲပေးရန် လူအများ အလွန်စိတ်ဝင်စားမှုက ထိုကောက်ချက်နှင့် ဆန့်ကျင်လျက်ရှိသည်။ ဖြေဆိုသူ အရေအတွက် အများစု (၉၅%) သည် ၂၀၁၀ - ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးခဲ့ကြပြီး ၊ ၂၀၁၅ - ခုနှစ် ရွေးကောက်ပွဲတွင်လည်း ဆန္ဒမဲပေးရန် ရည်ရွယ်ထားကြောင်း ၉၃% က ဖြေကြားခဲ့သည်။

### ပုံ ၂-၂။ ၂၀၁၅ - ခုနှစ်တွင် ဆန္ဒမဲပေးရန် ရည်ရွယ်ချက်။





**လူအများသည် ၎င်းတို့၏ဆန္ဒမဲပေးပိုင်ခွင့်အား ကျင့်သုံးလိုကြပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ သတိနှင့်ယှဉ်သော အကောင်းမြင်မှုကို ထုတ်ဖော်ပြသကြသည်။** လူအများသည် ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးရန် စိတ်ထက်သန်လျက်ရှိကြပြီး ဆန္ဒမဲပေးခြင်းသည် အနာဂတ်တွင် တိုးတက်ခြင်းကို ဦးတည်စေနိုင်သည်ဟု ၇၇% က ယုံကြည်ကာ၊ မည်သို့ပင် မဲပေးစေကာမူ မည်သို့မျှ ပြောင်းလဲနိုင်မည်မဟုတ်ဟု ၁၀% က ယူဆကြသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ဖြေကြားသူအားလုံး၏ ၆၈% က ထိုရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုရှိမည်ဟု ယူဆပြီး ထိုထင်မြင်ချက်သည် ပြည်နယ်များထက် (၅၆%) တိုင်းဒေသကြီးများတွင် (၇၂%) သိသာထင်ရှားစွာ အကောင်းမြင်ကြောင်းတွေ့ရသည်။ ပြည်နယ်များတွင် အကောင်းမြင်မှု နည်းပါးရခြင်းမှာ မသေချာမရေရာသော အခြေအနေများ (သို့မဟုတ်) ဗဟုသုတ အားနည်းခြင်းတို့၏ သက်ရောက်မှုကြောင့် ဖြစ်ပုံရပေသည်။ အဆိုပါ ပြည်နယ်များရှိ ဖြေကြားသူများ၏ ၂၆% က ၎င်းတို့မသိပါဟု ဖြေကြားပြီး တိုင်းဒေသကြီး များတွင် ၁၃% က မသိပါဟု ဖြေကြားကြသည်။ ထို့ပြင် ဖြေကြားသူများ၏ ၃၈% က လာမည့်ရွေးကောက်ပွဲသည် အလွန်အပြုသဘောဆောင်သော သက်ရောက်မှု ရှိလိမ့်မည်ဟု ယုံကြည်ကြပြီး ၄၂% ကမူ အပြုသဘောသက်ရောက်မှု တစ်နည်းနည်းဖြင့် ရှိလိမ့်မည်ဟု ယူဆကြသည်။ ၄% က မည်သည့် သက်ရောက်မှုမျှ ရှိမည်မဟုတ်ဟု ယူဆပြီး၊ ၁၅ % ကမူ ၎င်းတို့ မသိပါဟုဖြေကြားသည်။

### ပုံ ၂-၃။ ဆန္ဒမဲပေးခြင်းဖြင့် ရရှိလာနိုင်မည့် တိုးတက်မှုအလားအလာ။



**ပုံ ၂-၄။ ၂၀၁၅ - ခုနှစ် ရွေးကောက်ပွဲများက အကျိုးသက်ရောက်နိုင်သည့် အလားအလာ။**





**ဒီမိုကရေစီနှင့် အစိုးရစနစ်များအပေါ် ပြည်သူလူထု၏ နားလည်သဘောပေါက်မှုသည် အကူးအပြောင်းကာလရှိ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ထင်ဟပ်နေပါသည်။** နိုင်ငံတစ်နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဟုဆိုပါက မည်သည့်အဓိပ္ပာယ်ကို ဖော်ဆောင်သနည်းဟု မိမိယူဆထင်မှတ်သလို ဖြေဆိုနိုင်သည့်မေးခွန်းပုံစံဖြင့် မေးသောအခါ "လွတ်လပ်မှု" ဟု မကြာခဏ (၅၃%) ဖြေဆိုကြပြီး၊ "အခွင့်အရေးများနှင့်ဥပဒေ" ဟု ဖြေဆိုမှု က ၁၅% ၊ "ငြိမ်းချမ်းရေး" ဟု ဖြေဆိုသူက ၁၁% နှင့် "အုပ်စုများအတွက် ညီမျှသောအခွင့်အရေးများ" ဟု ဖော်ပြသူက ၈% အသီးသီးရှိကြသည်။ ၃% ကသာလျှင် "ပြည်သူ့အစိုးရ" ဟု ဖော်ပြကြသည်။ ဖြေကြားသူများ၏ သုံးပုံတစ်ပုံကျော် (၃၅%) က ၎င်းတို့ မသိပါဟု ပြောကြားပြီး ထိုအထဲတွင် ပြည်နယ်များရှိ ဖြေဆိုသူများက (၄၃%) တိုင်းဒေသကြီးများရှိ ဖြေဆိုသူများ (၃၂%) ထက် မသေချာ မရေရာမှုကို ပိုမိုရှိကြောင်းတွေ့သည်။ အမျိုးသား အရေအတွက် (၂၅%) ၏ နှစ်ဆနီးပါးရှိသော အမျိုးသမီးများ (၄၅%) က ဒီမိုကရေစီနိုင်ငံဟု ခေါ်ဆိုရသည့် အဓိပ္ပာယ်ကို မသိရှိပါဟု ဖြေကြားကြသည်။

**ပုံ ၂-၅။ ဒီမိုကရေစီ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။** (ဖြေဆိုမှုသုံးခုပေါင်း)

| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး | ကျား | မ |
|---|---|---|---|---|---|
| လွတ်လပ်ခြင်း | 53% | 45% | 56% | 60% | 46% |
| အခွင့်အရေးနှင့် ဥပဒေ | 15% | 15% | 15% | 21% | 10% |
| ငြိမ်းချမ်းရေး | 11% | 10% | 11% | 12% | 11% |
| အုပ်စုများ၏ တန်းတူညီမျှ အခွင့်အရေးများ | 8% | 8% | 8% | 10% | 5% |
| ပြည်သူ့အစိုးရ | 3% | 3% | 3% | 4% | 2% |
| မသိပါ | 35% | 43% | 32% | 25% | 45% |


အစိုးရနှင့် ပြည်သူလူထုအကြား မည်သို့သော ဆက်ဆံရေးမျိုးဖြစ်သင့်သနည်းဟု မေးသောအခါ အများစု (၅၂%) က အစိုးရနှင့် ပြည်သူလူထုတို့ တန်းတူရှိသင့်သည်ဟု ယူဆကြသည်။ သို့ရာတွင် ဖြေကြားသူဦးရေ အများအပြား (၄၃%) က အစိုးရနှင့် ပြည်သူလူထုသည် ဖခင်နှင့် သားသမီးသဖွယ် ဖြစ်သင့်သည်ဟု ဆိုသည်။

**ပုံ ၂-၆။ အစိုးရနှင့် ပြည်သူလူထုအကြား ဆက်ဆံရေး။**





**ပြည်သူလူထုသည် များသောအားဖြင့် နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သည်ဟု ယူဆကြသော်လည်း ပြည်နယ်များရှိ ဖြေကြားသူများတွင် ထိုသို့ယူဆမှုများစွာ နည်းပါးသည်ကို တွေ့ရှိရပါသည်။** ဖြေကြားသူအားလုံး၏ ၆၆% က ၎င်းတို့နေထိုင်ရာဒေသတွင် ၎င်းတို့နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောကြားကြသည်ဟု ဆိုသော်လည်း ၂၃% ကမူ ထိုသို့မမြင်ကြပေ။ ထိုသို့ထင်မြင်ယူဆသူများသည် ပြည်နယ်များ (၅၃%) တွင် တိုင်းဒေသကြီးများ (၇၁%) ထက်များစွာ နည်းပါးသည်။ ၎င်းကွာဟမှုသည် ရခိုင်ပြည်နယ်တွင် ပို၍ထင်ရှားပြီး ၄၁% ကသာ ၎င်းတို့၏ နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောကြားနိုင်သည်ဟု ယူဆကာ ၅၁ % ကမူ ထိုသို့ မယူဆကြပေ။

**ပုံ ၂-၇။ နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်ဟု လူအများ ယူဆကြပါသလား။**




ပုံ ၂-၈။ နိုင်ငံရေးအမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်ဟု လူအများ ယူဆကြပါသလား။ (ပြည်နယ်အလိုက်)





**နိုင်ငံရေးပတ်သက်၍ အမြင်မတူသူများကြား ခွဲခြားမှု မြင့်မားသည်ကိုတွေ့ရပါသည်။** လူအများစုမကြိုက်သော ပါတီများ အပါအဝင် နိုင်ငံရေးပါတီအားလုံးအား ၎င်းတို့ဒေသရှိလူထုနှင့် တွေ့ဆုံခွင့် ပြုသင့်-မပြုသင့်ကို မေးမြန်းသောအခါ ဖြေဆိုသူ အားလုံး၏ ၅၂% ကသာ တွေ့ဆုံခွင့်ပြုသင့်သည်ဟု ဖြေကြားပြီး၊ သုံးပုံတစ်ပုံကျော် (၃၅%) မှမပြုသင့်ဟု ဖြေကြားသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံကို ကြည့်ပါက နိုင်ငံရေးနှင့်ပတ်သက်၍ အမြင်မတူသူများကြား ခွဲခြားမှုကို ပိုမိုရှင်းလင်းစွာ မြင်နိုင်ပါသည်။ လူကြိုက်မများသော နိုင်ငံရေးပါတီတစ်ခုကို ထောက်ခံသောသူငယ်ချင်းအား သူငယ်ချင်း အဖြစ်မှ စွန့်လွှတ်မည် ဟုတ်-မဟုတ် မေးသောအခါ ၄၁% က စွန့်လွှတ်မည်ဟု ဖြေကြားပြီး၊ ၅၂% ကသာ စွန့်လွှတ်မည် မဟုတ်ဟု ဖြေကြားကြသည်။ ပြည်နယ်များအတွင်းတွင် ပိုမိုသိသာထင်ရှားသော ကွဲပြားခြားနားမှုများရှိပါသည်။ ရခိုင် ပြည်နယ်တွင် ထိုအခြေအနေမျိုး၌ သူငယ်ချင်းအဖြစ်မှ စွန့်လွှတ်မည်ဆိုသူ ၆၈% ရှိပြီး ၎င်းနှင့်ယှဉ်လျှင် ရှမ်းပြည်နယ်၌ ၁၈% သာရှိသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ အစွန်းရောက်မှုသည် ကျေးလက်ဒေသများတွင် ပိုမိုမြင့်မားပြီး ထိုဒေသများတွင် သူငယ်ချင်းအဖြစ် စွန့်လွှတ်မည်ဆိုသူ ၄၅% ရှိကာ မြို့ပြဒေသတွင် ၃၂% ရှိသည်။

ပုံ ၂-၉။ လူကြိုက်မများသော နိုင်ငံရေးပါတီများအပေါ် ထားရှိသည့်သဘောထား။




**ပုံ ၂-၁၀။ လူကြိုက်မများသောနိုင်ငံရေးပါတီများတွင် အသိမိတ်ဆွေသူငယ်ချင်း ပါတီဝင်ဖြစ်မှုအပေါ် သဘောထား။ (ပြည်နယ်အလိုက်)**




## မိမိကိုယ်ကို ခံယူသတ်မှတ်မှု၊ တန်ဖိုးထားမှုများနှင့် ယုံကြည်မှု


**ဖြေကြားသူများမှ မိမိကိုယ်ကိုခံယူသတ်မှတ်မှုကို တိုင်းဒေသကြီးများတွင် ဘာသာရေးအရ အခြေခံကြပြီး၊ ပြည်နယ်များတွင်မူ သတ်မှတ်မှုအလွှာများသည် ၎င်းတို့၏ တိုင်းရင်းသားလူမျိုးဖြစ်မှု၊ ဒေသဆိုင်ရာ လူထု၊ ဘာသာရေးတို့နှင့် ဆက်စပ်လျက်ရှိသည်။** ဖြေကြားသူအများစု (၉၁%) သည် မြန်မာနိုင်ငံမှ ဖြစ်သည်ကို အလွန်ဂုဏ်ယူကြပြီး ၎င်းရလဒ်အတွက် ပြည်နယ်များနှင့် တိုင်းဒေသကြီးတို့တွင် နေထိုင်သူများအကြား ခြားနားမှု အနည်းငယ်သာရှိသည်။ ကမ္ဘာနှင့်ယှဉ်၍ မိမိတို့ကိုယ်ကို မည်သို့စပ်ဆက်သနည်းဟု မေးသောအခါ ဖြေကြားသူအားလုံး၏ သုံးပုံတစ်ပုံခန့် (၃၅%) က ၎င်းတို့ကိုယ်ကို မြန်မာနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ကြောင်း ဖြေကြားသည်။ ၂၄ % က ၎င်းတို့ ယုံကြည်ရာဘာသာရေးအုပ်စုကို မူလအခြေခံထားကာ သတ်မှတ်ပြီး ၁၀% က ဒေသဆိုင်ရာလူထုနှင့်လည်းကောင်း၊ ၉% က ၎င်းတို့၏ တိုင်းရင်းသားအုပ်စုဖြင့်လည်းကောင်း သတ်မှတ်ကြောင်း ဖြေကြားသည်။ တိုင်းဒေသကြီးများတွင် နေထိုင်သူများ၏ ခံယူသတ်မှတ်မှုသည် ၎င်းတို့၏ ဘာသာရေးအုပ်စု (၂၈%) အလိုက် အများအားဖြင့် သတ်မှတ်ပြီး၊ ပြည်နယ်များတွင်မူ ၎င်းတို့၏ တိုင်းရင်းသားလူမျိုးစုအုပ်စုအဖွဲ့ဝင် (၁၉%) ဖြင့် လည်းကောင်း၊ ဒေသ ဆိုင်ရာလူထု (၁၆%) ဖြင့်လည်းကောင်း၊ ဘာသာရေးအုပ်စု (၁၅%) ဖြင့်လည်းကောင်း သတ်မှတ်ကြပါသည်။

**ပုံ ၃-၁။ လူအများက မိမိကိုယ်ကို မည်သို့ခံယူသတ်မှတ်ကြသနည်း။**





**လူအများက တရားဥပဒေအရ တန်းတူအခွင့်အရေးရှိသင့်သည်ဆိုသည့် အခြေခံမှုကို အခိုင်အမာ သဘောတူကြပြီး နိုင်ငံရေးနှင့် ဘာသာရေးကို သီးသန့်စီ ခွဲခြားထားသင့်သည်ဟုလည်း သဘောတူကြသည်။** ဖြေကြားသူအားလုံး၏ လေးပုံသုံးပုံနီးပါး (၇၃%) က နိုင်ငံသားများတွင် ကျား-မ၊ လူမျိုး သို့မဟုတ် ဘာသာရေးကွဲပြားမှုများကို ပဓာနမထားဘဲ ဥပဒေအရ တန်းတူညီမျှ အခွင့်အရေး ရှိစေရမည်ဟူသော အခြေခံမှုကို သဘောတူကြသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ အမြင်မတူသူများကြား ခွဲခြားမှုမြင့်မားသည်ကို သိသာထင်ရှားစွာတွေ့ခဲ့ရသည့်တိုင် တိုင်းရင်းသားလူမျိုးစုများ၊ အခြား လူထုအဝန်းအဝိုင်းများနှင့် ပိုမိုတန်းတူညီမျှဖြစ်စေရန် ဖြည့်စွက်အကူအညီများ လိုအပ်သည်ဟု အများက ယေဘုယျအားဖြင့် သဘောတူကြသည်။ ထိုသို့သဘောတူကြောင်းဖြေဆိုရာတွင် ၅၇% က အခိုင်အမာ သဘောတူကြကာ၊ ၃၁% က အတိုင်း အတာတစ်ခုအထိ သဘောတူကြသည်။ ၂% ကသာ ထိုအယူအဆကို လုံးလုံးလျားလျား သဘောမတူကြောင်း ဖြေဆိုခဲ့ ကြပါသည်။

**ပုံ ၃-၂။ တရားဥပဒေအရ တန်းတူအခွင့်အရေးရှိသင့်သည် ဆိုသည့်အချက်အပေါ် ယုံကြည်မှု။**




**ပုံ ၃-၃။ တိုင်းရင်းသား လူနည်းစုများအတွက် အကူအညီများပိုမို ပေးသင့်သည်ဟု ယုံကြည်မှု။**




ထို့ပြင် ဘာသာရေးခေါင်းဆောင်များသည် ယုံကြည်ကိုးကွယ်ရာနှင့်သက်ဆိုင်သော ကိစ္စများတွင် လူများအား လမ်းညွှန်မှုပြုရေးကိုသာ အာရုံစူးစိုက်သင့်ပြီး၊ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်း မရှိသင့်ဟူသော အယူအဆကို ဖြေကြားသူအားလုံး၏ ၄၁% က အခိုင်အမာသဘောတူကြပြီး ၂၈% က အတိုင်းအတာတစ်ရပ်အထိ သဘောတူကြသည်။ ထိုအဆိုကိုပင် ၉% က လုံးလုံး လျားလျား သဘောမတူကြဘဲ ၁၂% ကမူ အတိုင်းအတာတစ်ရပ်အထိ သဘောမတူကြပေ။


**ပုံ ၃-၄။ ဘာသာရေးခေါင်းဆောင်များသည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သင့်ပါသလား။**





**ခေါင်းဆောင်များတွင် တရားမျှတမှုနှင့် ဆုံးဖြတ်ချက်ခိုင်မာမှုကို အဓိကတန်ဖိုးများအဖြစ် လိုလားပြီး ကလေးသူငယ်များအား ရိုးသားမှုနှင့် တာဝန်သိတတ်မှု စိတ်ဓာတ်များ ဖြန့်ဝေပေးရမည်ဟု လူအများက မီးမောင်းထိုးပြကြပါသည်။** ကျောင်းတွင် ကလေးသူငယ်များ သင်ယူရန် အားပေးတိုက်တွန်းသင့်သည့် အရေးကြီးဆုံး အရည်အသွေးများကို ဖော်ပြရန် မေးသောအခါ ဖြေကြားသူအားလုံး၏ ထက်ဝက်နီးပါး (၄၈%) က “ရိုးသားမှု” ဟုဆိုပြီး ၃၉% က “တာဝန်သိတတ်မှု၊ တာဝန်ယူမှု”ဟုဆိုကာ ၃၈% က “အလုပ်ကြိုးစားမှု”ဟုဖော်ပြကြသည်။ ထို့အပြင် ၂၈% က “ဘာသာရေးသက်ဝင်ယုံကြည်မှု” ကိုလည်းကောင်း၊ ၂၄% က “လွတ်လပ်မှု” ကိုလည်းကောင်း၊ ၂၃% က “အခြားသူများအပေါ် လေးစားမှုနှင့် သဘောထားကြီးမှု” ကို လည်းကောင်း အသီးသီးဖော်ပြကြသည်။

အလားတူစွာပင် ခေါင်းဆောင်တစ်ဦး၏ အရေးကြီးဆုံး အရည်အသွေးများကို ဖော်ပြရန် မေးမြန်းသောအခါ ဖြေဆိုသူအားလုံး၏ ထက်ဝက်ကျော် (၅၄%) က "တရားမျှတမှု" ကို အရေးကြီးသော ဂုဏ်သတ္တိ အဖြစ်လည်းကောင်း၊ ထက်ဝက်နီးပါးခန့် (၄၈%) က "ဆုံးဖြတ်ချက်ခိုင်မာမှု"၊ ၄၇% က "သဘောထားကြီးမှု၊ စိတ်စေတနာကောင်းမှု" နှင့် ၄၆% က "ရိုးသားမှု" စသည်ဖြင့် အရေးကြီး သော ဂုဏ်အင်္ဂါအဖြစ် အသီးသီးဖော်ပြကြသည်။ သို့သော် ၁၉% ကသာ "ဘာသာရေး သက်ဝင်ယုံကြည်မှု" ကို ခေါင်းဆောင်တစ်ဦးအတွက် အရေးကြီးသော အရည်အသွေးအဖြစ် ဖော်ပြခဲ့ကြသည်။

**ပုံ ၃-၅။ ကလေးများ သင်ယူရန်အတွက် အရေးကြီးဆုံး အရည်အသွေးများ။** (ဖြေဆိုမှုသုံးခုပေါင်း)





**ပုံ ၃-၆။ ခေါင်းဆောင်တစ်ဦးတွင်ရှိသင့်သည့် အရေးကြီးဆုံး အရည်အသွေးများ။** (ဖြေဆိုမှုသုံးခုပေါင်း)




**လူ့အဖွဲ့အစည်းနှင့် အစိုးရဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်းကို တန်ဖိုးထားမှု မြင့်မားကြသော်လည်း လက်တွေ့ပါဝင်ဆောင်ရွက်သူ နည်းပါးသည်ကို တွေ့ရပါသည်။** ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်ဟု အများစု (၈၁%) က ယုံကြည်ကြသော်လည်း၊ ၁၈% ကသာ ထိုသို့သော လုပ်ငန်းများတွင် ၎င်းတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက် ရှိသည်ဟု ဖြေကြားကြသည်။ အမျိုးသားများသည် (၂၄%) အမျိုးသမီးများ (၁၂%) ထက် ပါဝင်ဆောင်ရွက်မှုနှုန်း နှစ်ဆရှိပြီး အဆိုပါ ပါဝင်ဆောင်ရွက်မှုသည် စေတနာ့ဝန်ထမ်း လုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်ဟု အများစု (၆၈%) က ပြောသည်။ ဖြေကြားသူများ၏ လေးပုံတစ်ပုံနီးပါး (၂၂%) က ၎င်းတို့သည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ ဖြစ်သည်ဟု ပြောကြားကြပြီး၊ အဆိုပါ အဖွဲ့အစည်းများ၏ ထက်ဝက်ခန့် (၄၉ %) သည် လူမှုရေး အသင်းအဖွဲ့များဖြစ်ကာ ဘာသာရေး အဖွဲ့အစည်းများက ၂၀% မျှ ရှိသည်ဟု ပြောကြားကြသည်။

**ပုံ ၃-၇။ နိုင်ငံသားများ ပါဝင်ဆောင်ရွက်ခြင်း၏ အရေးကြီးပုံ။**





**ပုံ ၃-၈။ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု။**




**လူမှုယုံကြည်မှုအဆင့် အလွန်နည်းပါးသည်ကိုလည်း တွေ့ရှိရပါသည်။** အံ့သြဖွယ်ရာပင် စစ်တမ်းဖြေဆိုသူအားလုံး၏ ၇၇% က များသောအားဖြင့် လူများသည် မယုံကြည်ရကြောင်းပြောသည်။ ထိုသို့ဖြေဆိုခဲ့သော ရာခိုင်နှုန်းကို ခွဲခြမ်းစိတ်ဖြာ ကြည့်လျှင် ၇၁% သည် ပြည်နယ်မှဖြစ်ပြီး ၈၀% သည် တိုင်းဒေသကြီးများမှဖြစ်သည်။ ၎င်းတို့၏ ပတ်ဝန်းကျင်တွင် နေထိုင်သော သူများထဲမှ အများစုကို ယုံကြည်နိုင်ခြင်း ရှိ-မရှိ မေးသောအခါတွင်မူ ပိုမိုကောင်းမွန်သော အခြေအနေကို တွေ့ရပါသည်။ ဖြေဆိုသူ ၅၆% က ပတ်ဝန်းကျင်ရှိလူများကို ယုံကြည်နိုင်ကြောင်း အခိုင်အမာ သို့မဟုတ် အတိုင်းအတာတစ်ရပ်အထိ သဘောတူကြပြီး၊ ၄၃% ကမူ မယုံကြည်ရကြောင်း သို့မဟုတ် အတိုင်းအတာတစ်ရပ်အထိ မယုံကြည်နိုင်ကြောင်း ဖော်ပြကြပါသည်။


**ပုံ ၃-၉။ လူအများစုကို ယုံကြည်နိုင်ပါသလား။**




**ပုံ ၃-၁၀။ သင်၏ အိမ်နီးဝန်းကျင်မှ လူအများစုကို ယုံကြည်နိုင်ပါသလား။**




ပုံ ၃-၁၁။ လူအများစုကို ယုံကြည်နိုင်ပါသလား။ (မြေပုံ)




ယုံရသည်ဟု ဖြေဆိုသူများ

(၆) ယောက် (၁၀) ယောက်





မယုံရပါဟု ဖြေဆိုသူများ

(၆) ယောက် (၁၀) ယောက်

**အစိုးရအဖွဲ့အစည်း အမျိုးမျိုးအပေါ်တွင် ပြည်သူလူထု၏ ယုံကြည်မှု အပြောင်းလဲများရှိသည်ကိုလည်း တွေ့ရပါသည်။** အဖွဲ့အစည်းအမျိုးမျိုး၏ ဖြောင့်မတ်မှန်ကန်မှုအပေါ် အမြင်သဘောထားသတ်မှတ်ပေးရန် မေးမြန်းသောအခါ ဖြေဆိုသူ အနည်းကသာ ဖြောင့်မတ်မှန်ကန်မှု မြင့်မြင့်မားမား သတ်မှတ်ကြပါသည်။ အချို့အဖွဲ့အစည်းများကို အများစုက “မသိပါ” ဟု ဖြေကြားခဲ့ကြခြင်းက နိုင်ငံအတွင်းရှိ အဓိကအစိုးရ အဖွဲ့အစည်းများအကြောင်း အထွေထွေဗဟုသုတ နည်းပါးကြောင်းကို ပြသနေပြန်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အတွက် “မသိပါ” ဆိုသော တုံ့ပြန်မှုအများဆုံး (၄၃%) ရရှိပြီး၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်အဆင့်နှစ်ရပ်စလုံးအတွက် ၃၃% နှင့် ၃၆% အသီးသီးရရှိကာ၊ မီဒီယာအတွက် ၃၂% စသည်ဖြင့် “မသိပါ” ဟုဖြေဆိုသော ရာခိုင်နှုန်းများရရှိခဲ့ပါသည်။ ခြုံ၍ဆိုရလျှင် ပြည်သူလူထုသည် သမ္မတရုံးနှင့် ကျေးရွာအုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုသာ အကောင်းဖက်မှ ပို၍ရှုမြင်ကြပြီး ရဲတပ်ဖွဲ့၏ နောက်တွင် တရားရုံးများနှင့် စစ်တပ်တို့ကို အကောင်းမြင်မှုနှုန်း အနည်းဆုံးဖြစ်သည်။

**ပုံ ၃-၁၂။ အဖွဲ့အစည်းအမျိုးမျိုး၏ ဖြောင့်မတ်မှန်ကန်မှုနှင့်ပတ်သက်သော အမြင်များ။**




**လူအများသည် အလုပ်ကြိုးစားခြင်း၊ ပြိုင်ဆိုင်မှုနှင့် ခနဉစ္စာမျှဝေခြင်းတို့၏ အကျိုးကျေးဇူးများတွင် ယုံကြည်မှုကို ထင်ရှားစွာ ပြသကြသော်လည်း လူအများအတွက် စားဝတ်နေရေး ဖြည့်ဆည်းပေးရာတွင် အစိုးရအခန်းကဏ္ဍအား နိုင်နိုင်မာမာ မြင်လိုကြပါသည်။** ဖြေကြားသူအားလုံး၏ လေးပုံသုံးပုံခန့် (၇၃%) က အလုပ်ကြိုးစားခြင်းသည် ဘဝကို ပိုမို ကောင်းမွန်စေသည်ဟု ယုံကြည်ကြပြီး၊ သုံးပုံတစ်ပုံခန့် (၂၄%) ကသာ အောင်မြင်မှုသည် ကံတရားအပေါ်တွင် မူတည်သည်ဟု ယုံကြည်ကြသည်။ ဝင်ငွေကို ပိုမိုညီမျှ အောင် ဆောင်ရွက်သင့်သည်ဟု ၂၈% က ယူဆပြီး ဖြေဆိုသူဆယ်ဦးတွင် ခုနစ်ဦး (၆၉%) ခန့်က တစ်ဦးချင်းစီ၏ အားထုတ်မှု အပေါ်မူတည်ကာ အကျိုးရလဒ်ဖြစ်စေရန် ဝင်ငွေမညီမျှမှုများအား လိုအပ်သည်ဟု ယူဆကြသည်။ အလားတူအချိုးအစား (၆၉%) က ပြိုင်ဆိုင်ခြင်းသည် လူအများအား အလုပ်ကြိုးစားလိုစိတ်ကို လှုံ့ဆော်ပေးကာ အကြံဉာဏ်သစ်များ ဖွံ့ဖြိုးစေသည့်အတွက် ကောင်းသည်ဟု ဖြေကြားကြပြီး ၂၆% ကမူ ပြိုင်ဆိုင်ခြင်းကြောင့် လူများထံမှ အဆိုးဆုံးအကျင့်စရိုက်များ ပေါ်ထွက်လာနိုင်သည်ဟု ယုံကြည်ကြသည်။ သူတပါးအကျိုးကို ထိခိုက်စေပြီးမှသာ လူများသည် ချမ်းသာကြွယ်ဝလာနိုင်ခြင်းရှိ-မရှိ သို့မဟုတ် ဥစ္စာခနေသည် အတိုင်းအဆမရှိ တိုးပွားလာနိုင်သည့်အတွက် လူတိုင်းမှာ ချမ်းသာဖို့ အခွင့်အရေး ရှိ-မရှိ မေးမြန်းသောအခါ ဖြေကြားသူများ၏ ၉၁% ခန့်က လူတိုင်းအတွက် ပြည့်စုံလုံလောက်သည့် အခြေအနေပေးနိုင်မည့် ဥစ္စာခနေရှိနိုင်သည်ဟု ယုံကြည်ကြသည်။


**ပုံ ၃-၁၃။ အလုပ်ကြိုးစားခြင်းဆိုင်ရာ တန်ဖိုးထားမှု။**





**ပုံ ၃-၁၄။ ဝင်ငွေမညီမျှမှုအပေါ် တန်ဖိုးထားမှု။**




## ပုံ ၃-၁၅။ ယှဉ်ပြိုင်မှုဆိုင်ရာ တန်ဖိုးထားမှု။




## ပုံ ၃-၁၆။ အစိုးရနှင့် တစ်ဦးချင်းစီ တာဝန်ယူမှုအပေါ် တန်ဖိုးထားမှု။




## ပုံ ၃-၁၇။ ဥစ္စာဓန ရရှိမှု။




သို့ရာတွင် ပြည်သူလူထုအတွက် မျှတသောဖြည့်ဆည်းမှုများ သေချာပေါက်ရရှိစေရန် အစိုးရက ပိုမိုဆောင်ရွက်ပေးနိုင်သည်ဟု လူအများက ယူဆကြသည်။ ဖြေကြားသူအများစု (၅၈%) က ပြည်သူလူထု၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အစိုးရက ပိုမိုတာဝန်ယူသင့်သည်ဟု ဖြေကြားကြပြီး၊ အနည်းစု (၃၇%) ကမူ မိမိတာဝန်ကို မိမိကိုယ်တိုင်သာ ပိုမိုယူသင့်သည်ဟု ဖြေကြားခဲ့သည်။

## ကျား-မ ဆိုင်ရာအကြောင်းအရာများ

**အမျိုးသမီးများသည် ၎င်းတို့၏ ဆန္ဒမဲများကို ကိုယ်တိုင်ဆုံးဖြတ်သင့်သည်ဟု လူအများက ယုံကြည်ကြသည်။** ဆန္ဒမဲပေးသောအခါ အမျိုးသမီးတစ်ဦးသည် ကိုယ်တိုင်ရွေးချယ်မှုပြုသင့်-မပြုသင့် သို့မဟုတ် အမျိုးသားများက အကြံပေးသင့်-မပေးသင့်ကို မေးမြန်းရာ လူအများစုက (၈၂%) အမျိုးသမီးများသည် ကိုယ်တိုင်ရွေးချယ်မှုပြုသင့်သည်ဟု ဖြေကြားပြီး ၁၈% ကမူ အမျိုးသားများက အမျိုးသမီးများကို အကြံပေးသင့်သည်ဟု ဖြေကြားခဲ့ကြသည်။ ၎င်းထင်မြင်ယူဆချက်သည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ကျား-မ စသည်တို့အကြားတွင် သိသာစွာ ခြားနားမှုမရှိပေ။ မြို့ပြဒေသများတွင် ၈၈% က အမျိုးသမီးများကိုယ်တိုင် ရွေးချယ်မှုပြုသင့်သည်ဟု ဖြေကြားသကဲ့သို့ ကျေးလက်ဒေသများတွင်လည်း ၈၀% က ထိုသို့ပင် ဖြေကြားခဲ့သည်။ ရှမ်းပြည်နယ် တွင် ၉၃% က အမျိုးသမီးများ ကိုယ်တိုင် ရွေးချယ်မှုပြုသင့်သည်ဟု ဖြေကြားပြီး မွန်ပြည်နယ်တွင်မူ ၂၆% က အမျိုးသားများက အမျိုးသမီးများကို အကြံပေးသင့်သည်ဟု ပြောကြားခဲ့ကြသည်။


**တက္ကသိုလ်ပညာရေးသည် ယောကျ်ားကလေးများအတွက်သာမက မိန်းကလေးများအတွက်ပါ တန်းတူအရေးပါရှိသင့်သည်ဟူသော အမြင်နှင့်ပတ်သက်၍ ရောထွေးလျက်ရှိသည်ကို တွေ့ရပါသည်။** တက္ကသိုလ်ပညာရေးသည် မိန်းကလေးတစ်ဦးထက် ယောကျ်ားလေးတစ်ဦးအတွက်က ပို၍အရေးကြီး-မကြီး မေးမြန်းရာတွင် ၄၄% က ယောကျ်ားလေးအတွက် ပို၍အရေးကြီးသည်ဟု ဆိုပြီး (၂၃% က အခိုင်အမာသဘောတူ၍ ၂၁% က အတိုင်းအတာတစ်ခုအထိ သဘောတူသည်) ၅၂% က သဘောမတူခဲ့ကြပေ (၂၈% က အခိုင်အမာကန့်ကွက်ပြီး ၂၄% က အတိုင်းအတာတစ်ရပ်အထိ ကန့်ကွက်ကြသည်)။ တုံ့ပြန်ဖြေကြားမှုများသည် အမျိုးသားများနှင့် အမျိုးသမီးများအကြားတွင် အတူတူပင် ဖြစ်သည်။

**ပုံ ၄-၁။ ကျား-မ ရေးရာနှင့် ပညာရေး။**




**အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုထက်မြက်ကောင်းမွန်သော နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များ ဖြစ်နိုင်ကြသည် ဟု အမျိုးသားရော အမျိုးသမီးပါ နှစ်ရပ်စလုံးက အခိုင်အမာယုံကြည်ကြသည်။** ဖြေကြားသူအများစု (၇၁%) က အမျိုးသားများသည် အမျိုးသမီးများထက် သာလွန်ကောင်းမွန်သော နိုင်ငံရေးခေါင်းဆောင်များအဖြစ် ထမ်းဆောင်နိုင်ကြသည်ဟု ယုံကြည်ကြသည် (၄၂% က ခိုင်မာစွာသဘောတူပြီး ၂၉% က အတိုင်းအတာတစ်ခုအထိ သဘောတူခဲ့ကြသည်။)။ အလားတူစွာပင် ၇၁% က အမျိုးသားများသည် အမျိုးသမီးများထက် သာလွန်ကောင်းမွန်သော စီးပွားရေးစီမံခန့်ခွဲသူများအဖြစ် ဆောင်ရွက်နိုင်ကြသည်ဟု ယူဆကြသည် (၄၁% က အခိုင်အမာ သဘောတူပြီး ၃၀% အတိုင်းအတာတစ်ခုအထိ သဘောတူကြသည်)။ အဆိုပါ တုံ့ပြန်ဖြေကြားချက်များသည် အမျိုးသားများနှင့် အမျိုးသမီးများအကြား ခြားနားမှုမရှိသည့်အပြင် ထိုဖော်ပြချက်နှစ်ရပ်စလုံးအတွက် အခိုင်အမာ သဘောတူညီသည်ဟု ဖြေဆိုမှုနှုန်း မြင့်မားခြင်းမှာ မှတ်သားဖွယ်ပင်ဖြစ်သည်။ အမြစ်တွယ်နေပြီဖြစ်သော ရိုးရင်းစွဲ ယဉ်ကျေးမှုနှင့် လူမှုရေးအမြင်တို့က အမျိုးသားခေါင်းဆောင်မှုကိုဦးစားပေးကြောင်း ထိုတုံ့ပြန်မှုများက ညွှန်ပြနေသကဲ့သို့ ထိုဦးစားပေးမှုကပင် ကျား-မ ရေးရာတွင် စည်းသတ်မှတ်ထားကြောင်း ညွှန်ပြနေပေသည်။

**ပုံ ၄-၂။ ကျား-မ ရေးရာနှင့် နိုင်ငံရေးခေါင်းဆောင်မှု။**





**ပုံ ၄-၃။ ကျား-မ ရေးရာနှင့် စီးပွားရေးခေါင်းဆောင်မှု။**




## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

**လက်ရှိဖြစ်ပွားနေဆဲ လက်နက်ကိုင်ပဋိပက္ခများ နှင့်ပတ်သက်သော ဗဟုသုတ နည်းပါးသည်ကို တွေ့ရှိရပါသည်။** ဖြေကြားသူအားလုံး၏ ထက်ဝက်ကျော်မျှသော (၅၅ %) မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေဆဲ ဖြစ်သည်ဟု ယူဆကြပြီး၊ သုံးပုံတစ်ပုံခန့် (၃၄%) က လက်နက်ကိုင်ပဋိပက္ခမရှိဟု ယုံကြည်ကြသည်။ သို့ရာတွင် အကြံပေးဆွေးနွေးပွဲများပြုလုပ်ခြင်းမှ ရရှိလာသည့် သဘောထားအမြင်များအရ ပဋိပက္ခများကို နိုင်ငံအဝှမ်းရှိ မတူညီသောအုပ်စုများက မတူညီသောအဓိပ္ပါယ်များ ဖွင့်ဆိုနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ဤစစ်တမ်းတွင် အသုံးပြုခဲ့သည့် "ပဋိပက္ခ" ဟူသော ဝေါဟာရသည် သာမန်လူများ တွေ့ကြုံနေရသော "တိုက်ပွဲ"ဟူသည့် ဝေါဟာရနှင့်ယှဉ်လျှင် ပညာရပ် (သို့မဟုတ်) သဘောတရား ဆန်ကောင်းဆန်နေပေလိမ့်မည်။ လူများသည် ပဋိပက္ခများကို ကျယ်ပြန့်သော အမျိုးသားပြဿနာအဖြစ်ထက် ပုဂ္ဂိုလ်ရေးအမြင်ဖြင့်လည်း ရှုမြင်ကောင်း ရှုမြင်နိုင်ပါသည်။ သို့တိုင်အောင် ပေါ်ပေါက်ဆဲလက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်၍ ပြည်နယ်များအကြား သိသာသော ခြားနားသည့် အသိအမြင်ဗဟုသုတရှိကြောင်းတွေ့ရသည်။ နှစ်ပေါင်းများစွာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေရာ ကချင်ပြည်နယ် (၇၄%) နှင့် မွန်ပြည်နယ် (၅၈%) ရှိ ဖြေဆိုသူအများစုက ပေါ်ပေါက်ဆဲပဋိပက္ခများကို သတိပြုမှုအများဆုံးဖြစ်ပါသည်။ ချင်းပြည်နယ်ရှိ စစ်တမ်းဖြေဆိုသူများမှာ ပဋိပက္ခများအကြောင်း ဗဟုသုတအနည်းဆုံးဖြစ်ပြီး ၆၇% က မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများမရှိဟု ဖြေကြားခဲ့သည်။ ယေဘုယျအားဖြင့် အမျိုးသားများ (၆၃%) က အမျိုးသမီးများ (၄၈%) ထက် ပဋိပက္ခများအကြောင်းကို ပိုမိုသိရှိကြသည်။

**ပုံ ၅-၁။ ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခများအကြောင်း သိရှိမှု။**



**ပုံ ၅-၂။ ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခများအကြောင်း သိရှိမှု။ (ပြည်နယ်အလိုက်)**





လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်နေဆဲဖြစ်သည်ဟု ယုံကြည်သူများအနက် ၁၉% သည် ထိုပဋိပက္ခများ၏ အဓိက အကြောင်းရင်းများကို မသိရှိကြပေ။ ကျန်ရှိသည့်အထဲမှ ၃၀% က လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးအရ ခွဲခြားမှုများ ကြောင့်ဖြစ်သည်ဟုဆိုကာ ၂၇% က တိုင်းရင်းသားလူမျိုးစုများအကြား တင်းမာမှုများကြောင့် ဖြစ်ရသည်ဟု ယူဆပြီး ၂၁% ကမူ ဘာသာရေးတင်းမာမှုများကြောင့်ဟု ယုံကြည်ကြသည်။ တိုင်းဒေသကြီးများရှိ ဖြေကြားသူများ (၂၄%) က ပြည်နယ် များရှိ ဖြေကြားသူများ (၁၄%) ထက်ပို၍ ပေါ်ပေါက်ဆဲ လက်နက်ကိုင်ပဋိပက္ခများသည် ဘာသာရေး တင်းမာမှုများကြောင့် ဖြစ်သည်ဟု ယူဆကြကြောင်း မှတ်သားဖွယ် တွေ့ရှိရပါသည်။

**ပုံ ၅-၃။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရသည့် အကြောင်းအရင်းများဟု ထင်မြင်ချက်များ။**
(N=1660)

| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး | ကျား | မ |
|---|---|---|---|---|---|
| နိုင်ငံရေးအမြင်ကွဲပြားမှု | 30% | 26% | 32% | 32% | 29% |
| လူမျိုးရေးတင်းမာမှု | 27% | 26% | 27% | 27% | 26% |
| ဘာသာရေးတင်းမာမှု | 21% | 14% | 24% | 20% | 23% |
| တိုင်းရင်းသားလူနည်းစုများ၏ ခွဲထွက်ရေးဝါဒ | 8% | 11% | 7% | 8% | 7% |
| မသိပါ | 19% | 22% | 18% | 17% | 22% |


**လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရလဒ်နှင့်ပတ်သက်၍ သတိနှင့်မျှော်လင့်နေကြသည်ဟု လူအများက ထုတ်ဖော်ပြောကြားပါသည်။** ပြည်ထောင်စုအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လွှတ်တော်နှင့် တပ်မတော်တို့အကြား ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကြောင်းကို စစ်တမ်းဖြေဆိုသူအားလုံးအား အသိပေးပြောပြပြီးနောက် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပဋိပက္ခများကို အဆုံးသတ်နိုင်စွမ်း ရှိ-မရှိအပေါ် ၎င်းတို့၏ထင်မြင်ချက်ကို မေးမြန်းခဲ့ပါသည်။ ဖြေဆို သူအားလုံး၏ ၆၄% က ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်သည်ဟု (၂၃% အလွန် ယုံကြည်သည်၊ ၄၁% အတိုင်းအတာတစ်ရပ်အထိ ယုံကြည်သည်) ဖြေကြားခဲ့ရာ သတိနှင့်ယှဉ်သော အကောင်းမြင်မှုကို တွေ့ရှိရသည်။ တိုင်းဒေသကြီးများထက် ပြည်နယ်များတွင် ကြီးမားသော မသေချာမှုများ တည်ရှိနေသည်ကိုလည်း တွေ့ရပါသည်။ ပြည်နယ်များရှိ ဖြေကြားသူများ၏ ၄၇% က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရလဒ်ကို ယုံကြည်သည်ဟု (၁၅% အလွန်ယုံကြည်သည်၊ ၃၂% အတိုင်းအတာတစ်ရပ်အထိ ယုံကြည်သည်) ဖြေကြားကြပြီး တိုင်းဒေသကြီးများတွင်မူ ယုံကြည်သူ ၇၀% (၂၆% အလွန်ယုံကြည်သည်၊ ၄၄% အတိုင်းအတာ တစ်ရပ်အထိ ယုံကြည်သည်) ရှိကြောင်း နှိုင်းယှဉ်တွေ့ရှိရပါသည်။ ပြည်နယ်များတွင် တိုင်းဒေသကြီးများရှိဖြေဆိုသူအရေအတွက်(၁၅%)၏နှစ်ဆက(၃၂%)က၎င်းတို့မသိပါဟုထုတ်ဖော်ပြောကြားကြပါသည်။

**ပုံ ၅-၄။ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်မှု။**




**"ဖက်ဒရယ်စနစ်"ကို နားလည်သဘောပေါက်မှု အလွန်နည်းပါးသည်။** "ဖက်ဒရယ်" စနစ်နှင့် နိုင်ငံရေးအာဏာခွဲဝေမှု အစီအစဉ်များသည် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများ၏ အချက်အချာဖြစ်သော်လည်း စစ်တမ်းဖြေဆိုသူ အနည်းငယ် (၁၄%) ကသာ "ဖက်ဒရယ်စနစ်" ဟူသော ဝေါဟာရကို ကြားဖူးသည်ဟုဆိုသည်။ မြို့ပြဒေသများ (၂၆%) က ကျေးလက်ဒေသများ (၈%) ထက် ထိုဝေါဟာရကို ပိုမိုသိရှိကြသည်။ ကြားဖူးပါသည်ဟု ဖြေဆိုသူများ၏ ထက်ဝက်နီးပါး (၄၅%) က ၎င်းဝေါဟာရ၏ အဓိပ္ပာယ်ကို မသိပါဟုဆိုပြီး၊ ၁၅% က ဖက်ဒရယ်စနစ်ကို ကိုယ်ပိုင် အုပ်ချုပ်မှုနှင့် ဆက်စပ်သိရှိကြခြင်း ဖြစ်ပါသည်။

**ပုံ ၅-၅။ "ဖက်ဒရယ်" ဟူသော ဝေါဟာရကို သိရှိမှု။**





ဖြေကြားသူများအား 'ဖက်ဒရယ်ဝါဒဆိုသည်မှာ ပြည်ထောင်စုအတွင်းမှာပဲ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ဗဟိုအစိုးရထံမှ အခန်းကဏ္ဍအချို့မှာ လွတ်လပ်ခွင့်ပိုမိုပေးထားပါသော စနစ်ဖြစ်ကြောင်း' ရှင်းပြပြီးနောက်တွင် ၅၄% က ပြည်ထောင်စုစနစ်သည် နိုင်ငံအတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းရန် အထောက်အကူပြုမှုနိုင်သည်ဟု သတိနှင့်ယှဉ်၍ အကောင်းမြင်ကြပြီး (၂၂% က အခိုင်အမာသဘောတူပြီး ၃၂% က အတိုင်းအတာတစ်ရပ်အထိ သဘောတူသည်) ဖြေကြားသူအားလုံး၏ သုံးပုံတစ်ပုံကမူ မသိပါဟု ဆိုပါသည်။


# ပြည်သူလူထု၏ ရှုမြင်သုံးသပ်ချက်များ

**ပြည်သူလူထုသည် မြန်မာနိုင်ငံက ဦးတည်နေသောလမ်းကြောင်းကို သတိနှင့်ယှဉ်၍ အကောင်းဘက်မှ ရှုမြင်ကြသည်။** ဖြေကြားသူအားလုံး၏ အများစု (၆၂%) က မြန်မာနိုင်ငံရှိ အရေးအရာများသည် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီဟု ယူဆ ကြပြီး ၂၈% ကမူ ၎င်းတို့မသိပါဟု ဖြေကြားကြသည်။ အကောင်းဘက်မှ ရှုမြင်မှုအဆင့်သည် ပြည်နယ်များ (၄၉%) ထက် တိုင်းဒေသကြီးများတွင် (၆၇%) သိသာထင်ရှားစွာ ပိုမိုမြင့်မားပါသည်။ မသိရှိပါဟု ဖြေကြားသူ အရေအတွက်တွင် ပြည်နယ်များ၌ ၃၇% ရှိပြီး တိုင်းဒေသကြီးများတွင် ၂၅% ရှိရာ အဓိကအားဖြင့် ကွာခြားမှုကို ထင်ဟပ်လျက်ရှိပါသည်။ ပြည်နယ် (၇%) သို့မဟုတ် တိုင်းဒေသကြီး (၃%) တို့မှ ဖြေကြားသူ အနည်းငယ်ကမူ နိုင်ငံသည် မှားယွင်းသောလမ်းကြောင်း ကို ဦးတည်နေသည်ဟု ဆိုကြပါသည်။

ပုံ ၆-၁။ မြန်မာနိုင်ငံရှိကိစ္စရပ်များသည် လမ်းကြောင်းအမှန် သို့မဟုတ် လမ်းကြောင်းအမှားဘက်သို့ သွားနေပါသလား။




ပုံ ၆-၂။ လမ်းကြောင်းမှန်လား သို့မဟုတ် လမ်းကြောင်းမှားလား။ (ပြည်နယ်အလိုက်)



**လမ်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ခြင်းနှင့် အလုံးစုံသော စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို ၎င်းတို့၏ အကောင်းမြင်ခြင်းအတွက် အကြောင်းရင်းများဖြစ်သည်ဟု မကြာခဏ ကိုးကားပြောဆိုကြပါသည်။** နိုင်ငံသည် မှားယွင်းသောလမ်းကြောင်းပေါ်တွင် ရွေ့လျားနေသည်ဟု ဆိုသူများက ဖြစ်ပွားဆဲပဋိပက္ခများ၊ စီးပွားရေးဖွံ့ဖြိုးမှုနည်းခြင်းနှင့် အုပ်ချုပ်မှု ညံ့ဖျင်းခြင်းတို့ကို အများဆုံးအကြောင်းပြကြပါသည်။ ယေဘုယျအားဖြင့် အစိုးရသည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုံခြုံရေးဖြည့်ဆည်းမှုတို့တွင် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်လျက်ရှိကြသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးမှုတို့တွင် အားနည်းနေသေးသည့်အပြင် လာဘ်ပေး၊ လာဘ်ယူမှု တိုက်ဖျက်ရေးကိုလည်း ကောင်းစွာမဆောင်ရွက်နိုင်သေးဟု လူအများက ယူဆကြပါသည်။

**ပုံ ၆-၃။ လမ်းကြောင်းအမှန် — အကြောင်းပြချက်များ။** (ဖြေဆိုမှုသုံးခုပေါင်း, N=2003)


| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး |
|---|---|---|---|
| အစိုးရက လမ်းတွေဖောက်နေတယ် | 3 % | 38% | 27% |
| ကျောင်းများတည်ဆောက်ခြင်း/ ပညာသင်ကြားနိုင်သည့် အခြေအနေများတိုးတက်လာခြင်း | 20% | 22% | 20% |
| စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း | 20% | 20% | 20% |
| ခြုံငုံကြည့်လျှင်တိုးတက်သည် | 14% | 14% | 13% |
| ဒီမိုကရေစီ/ နိုင်ငံရေးအရပြောင်းလဲမှုများ/ နိုင်ငံရေးပါတီများရှိခြင်း/ လွတ်လပ်ခွင့် | 13% | 9% | 14% |
| ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်/ အုပ်ချုပ်သူ/ ခေါင်းဆောင်/ ပါတီရှိခြင်း | 10% | 11% | 10% |
| ဆေးရုံများတည်ဆောက်လာခြင်း/ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများတိုးတက်လာခြင်း | 8% | 9% | 7% |
| ပဋိပက္ခများမရှိခြင်း/ ငြိမ်းချမ်းခြင်း | 6% | 8% | 5% |
| အခြေခံအဆောက်အအုံများ တည်ဆောက်နေခြင်း | 5% | 6% | 5% |
| မသိပါ | 14% | 11% | 15% |

**ပုံ ၆-၄။ လမ်းကြောင်းအမှား — အကြောင်းပြချက်များ။** (ဖြေဆိုမှုသုံးခုပေါင်း, N=272)

| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး |
|---|---|---|---|
| လူမျိုးရေး၊ဘာသာရေး ပဋိပက္ခများရှိခြင်း | 25% | 32% | 20% |
| စီးပွားရေးအခြေအနေဆိုးရွားလာခြင်း | 16% | 18% | 15% |
| ဆိုးရွားသော အုပ်ချုပ်ရေးစနစ်၊ အုပ်ချုပ်သူ၊ ခေါင်းဆောင်၊ ပါတီရှိခြင်း | 16% | 13% | 18% |
| အကျင့်ပျက်ခြစားခြင်း | 16% | 17% | 15% |
| အလုပ်လက်မဲ့ဦးရေ မြင့်မားနေခြင်း | 12% | 17% | 9% |
| ဆင်းရဲမွဲတေခြင်း | 12% | 15% | 10% |
| လမ်းအခြေအနေများဆိုးရွားခြင်း | 8% | 8% | 9% |
| ကျောင်းအရေအတွက်နည်းပါးခြင်း၊ ပညာသင်ကြားခွင့် နည်းပါးခြင်း | 8% | 10% | 6% |
| ကျန်းမာရေးဝန်ဆောင်မှု ပေးသည့်နေရာများမကောင်းခြင်း၊ ကောင်းမွန်သည့်ဆေးရုံများ မလုံလောက်ခြင်း | 6% | 5% | 6% |
| မသိပါ | 18% | 6% | 10% |


**လူအများစု၏ စီးပွားရေးအခြေအနေသည် လွန်ခဲ့သောနှစ်အတိုင်း အလားတူ ရှိနေပါသေးသည်။** ၎င်းတို့၏ လက်ရှိ စီးပွားရေးအခြေအနေသည် လွန်ခဲ့သောတစ်နှစ်နှင့် နှိုင်းယှဉ်ပါက မည်သို့ရှိသနည်းဟု မေးမြန်းသောအခါ ဖြေကြားသူ အားလုံး၏ အများစု (၅၀%) က ၎င်းတို့၏ စီးပွားရေးအခြေအနေသည် ပြောင်းလဲခြင်းမရှိဟု ပြောကြားကြပါသည်။ သုံးပုံ တစ်ပုံခန့် (၃၁%) က စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်လာသည်ဟူ၍လည်းကောင်း၊ ၄% က ပိုမိုချမ်းသာလာသည် ဟူ၍ လည်းကောင်း ဆိုကြသော်လည်း၊ ၁၄% ကမူ လွန်ခဲ့သော တစ်နှစ်ကထက် ပိုမိုဆိုးရွားလာသည်ဟူ၍ ဖြေဆိုခဲ့ကြသည်။ ပျမ်းမျှအားဖြင့် တိုင်းဒေသကြီးများရှိ ဖြေကြားသူများ (၃၄% ချမ်းသာလာကြသည်၊ ၃% ပိုမိုချမ်းသာလာကြသည်) က ပြည်နယ်များရှိ ဖြေကြားသူများထက် (၂၆% ချမ်းသာလာကြသည်၊ ၄% ပိုမိုချမ်းသာလာကြသည်) ၎င်းတို့၏ စီးပွားရေး အခြေအနေများသည် လွန်ခဲ့သောနှစ်ကထက် ပိုမို တိုးတက်လာသည်ဟု ယူဆကြသည်။

ပုံ ၆-၅။ လွန်ခဲ့သောတစ်နှစ်နှင့် နှိုင်းယှဉ်ပါက စီးပွားရေး တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်မှု။ (မြေပုံ)




**လူအများစုသည် ၎င်းတို့ လုံခြုံမှု သို့မဟုတ် ၎င်းတို့ မိသားစုများ၏ လုံခြုံမှုအတွက် မကြာခဏ စိုးရိမ်ထိတ်လန့်ရမှု မရှိကြပါ။** ဖြေကြားသူအများစု (၇၃%) သည် ၎င်းတို့၏ ကိုယ်တိုင်အတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ လုံခြုံမှုအတွက် မကြာခဏ စိုးရိမ်ရခြင်းမရှိကြပါ။ ၁၇% ကမူ ၎င်းတို့၏ လုံခြုံမှုအတွက် မကြာခဏဖြစ်စေ၊ ရံဖန်ရံခါဖြစ်စေ စိုးရိမ်ထိတ်လန့် ကြရသည်ဟု ဆိုပါသည်။ ကချင်ပြည်နယ် (၃၈%)၊ ရခိုင်ပြည်နယ် (၃၅%) နှင့် ချင်းပြည်နယ် (၃၂%) တို့တွင် နေထိုင်ကြသော ဖြေကြားသူများက ၎င်းတို့၏ လုံခြုံရေးအတွက် သို့မဟုတ် ၎င်းတို့၏ မိသားစုများ လုံခြုံရေးအတွက် စိုးရိမ်ထိတ်လန့်ရဆုံး ဖြစ်ကြသည်။ သို့ရာတွင် ဤစစ်တမ်းကောက်ယူရာ၌ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ ထိန်းချုပ်ထားသည့် နယ်မြေများ သို့မဟုတ် လက်ရှိလက်နက်ကိုင် ပဋိပက္ခနယ်မြေများမှ ဖြေကြားသူများ မပါဝင်သည်ကို သတိပြုရန်လိုပါသည်။

**ပုံ ၆-၆။ ရပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် စိုးရိမ်ကြောင့်ကြခြင်း။**





**လူများသည် နိုင်ငံအဆင့်ပြဿနာများအကြောင်းထက် ၎င်းတို့၏ ရပ်ရွာဒေသများက ကြုံတွေ့နေရသော ပြဿနာများ အကြောင်း ကို ပိုမိုသိရှိကြသည်။** မြန်မာနိုင်ငံက ကြုံတွေ့နေရသော အကြီးမားဆုံး ပြဿနာအကြောင်းကို မေးမြန်းသောအခါ ထက်ဝက်နီးပါး (၄၇%) က မသိပါဟု ဖြေကြားကြပါသည်။ ဖြေကြားသူများက အကြီးမားဆုံး ပြဿနာအကြောင်းအရင်း များအား သူတို့၏အမြင်များကို ပြောကြားရာတွင် တိုင်းရင်းသားလူမျိုးစု သို့မဟုတ် ဘာသာရေးအပေါ် အခြေခံသော ပဋိပက္ခဖြစ်ပွားမှု ဖြစ်ကြောင်း ဖြေဆိုသူ ၂၂%၊ စီးပွားရေးချို့တဲ့မှုဟုဖြေဆိုသူ ၁၃%၊ ဆင်းရဲနွမ်းပါးမှုဟုဖြေဆိုသူ ၁၂% နှင့် အလုပ်လက်မဲ့ပြဿနာဟု ဖြေဆိုသူ ၁၁% ရှိကြပြီး အခြားသော အဖြေများကဲ့သို့ပင် ဖြစ်ပါသည်။ ၎င်းတို့၏ နယ်မြေများရှိ အကြီးမားဆုံး ပြဿနာကို စဉ်းစားရန် မေးမြန်းသောအခါ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ (၂၈%) နှင့် လျှပ်စစ်မီး မရရှိမှု (၂၀%) တို့ကို မကြာခဏ ရည်ညွှန်းကြပြီး သုံးပုံတစ်ပုံကျော်ကမူ (၃၇%) မသိပါဟု ဖြေကြားကြသည်။

### ပုံ ၆-၇။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေသော အကြီးမားဆုံးပြဿနာများ။ (ဖြေဆိုမှုသုံးခုပေါင်း)





### ပုံ ၆-၈။ ဒေသအဆင့်ရှိ အကြီးမားဆုံးပြဿနာများ။



**ဒေသန္တရပြဿနာများ ဖြေရှင်းရာတွင် ပြည်ထောင်စုအစိုးရအား တာဝန်အရှိဆုံးအဖြစ် ပြည်သူများက ရှုမြင်ကြပါသည်။**
ဒေသန္တရပြဿနာများကို ဖြေရှင်းရေးအတွက် မည်သူ့တွင်တာဝန်အရှိဆုံး ဖြစ်သနည်းဟု မေးမြန်းသောအခါ ဖြေဆိုသူအများစု (၅၅%) က ပြည်ထောင်စုအစိုးရကို တာဝန်အရှိဆုံးအဖြစ် သတ်မှတ်ကြပြီး ၎င်းတို့ မကြာခဏ ထိတွေ့ဆက်ဆံရသည့် ကျေးရွာ အုပ်စုနှင့် ရပ်ကွက်အဆင့်အစိုးရတို့ကို ဒုတိယတာဝန်အရှိဆုံးအဖြစ် (၂၁%) သတ်မှတ်ကြသည်။ ထိုရလဒ်များသည် အစိုးရ၏ လုပ်ငန်းတာဝန်များ အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်အစိုးရများ၏ လုပ်ငန်းတာဝန်များအကြောင်း ဗဟုသုတ နည်းပါးမှုနှင့် ဆက်စပ်နေနိုင်ပေသည်။ သို့ရာတွင် လူအများစုသည် မတူညီသော အစိုးရအဆင့်များအကြား ခွဲခြားရှုမြင်ခြင်းမရှိပဲ အစိုးရဟုဆိုသည်နှင့် ပြည်ထောင်စုအဆင့်နှင့်သာ ဆက်စပ်ရှုမြင်နေခြင်းကြောင့် ဖြစ်နိုင်ပေသည်။

**ပုံ ၆-၉။ ဒေသဆိုင်ရာ ပြဿနာများ ဖြေရှင်းရေးအတွက် မည်သူ့တွင် တာဝန်အရှိဆုံးဖြစ်သနည်း။**
(ဖြေဆိုမှုသုံးခုပေါင်း, N=1884)




## သတင်းအချက်အလက်များရရှိရာ အရင်းအမြစ်များ

ပြည်သူလူထုသည် နိုင်ငံအတွင်းဖြစ်ပျက်နေသည့် အကြောင်းအရာများကို ယေဘုယျအားဖြင့် ရုပ်မြင်သံကြား (၃၇%) မှရယူခြင်းဖြစ်သည်။ သို့သော် လူအများသည် သတင်းရယူရန် မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုနှင့် အိမ်နီးချင်းများအပေါ်တွင်လည်း အလွန် (၃၅%) အားထားမှီခိုကြသလို ရေဒီယို (၃၅%) မှတဆင့်လည်း ရယူပါသည်။ ပြည်နယ်များရှိ ဖြေကြားသူများက နိုင်ငံအဆင့် သတင်းအချက်အလက်များကို အဓိကအားဖြင့် မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုနှင့် အိမ်နီးချင်းများထံမှ ရရှိကြပြီး တိုင်းဒေသကြီးမှ ဖြေကြားသူများလောက် ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့အပေါ်တွင် မှီခိုအားထားမှု မရှိပေ။ အစိုးရပိုင် မီဒီယာ-ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာတို့ကိုလည်း သတင်းအချက်အလက်ရရှိရာ အရင်းအမြစ်များအဖြစ် အားလုံးက ကိုးကားဖော်ပြကြသည်။

ပုံ ၇-၁။ သတင်းအချက်အလက်များရရှိရာ အဓိကအရင်းအမြစ်။
(ဖြေဆိုမှုနှစ်ခုပေါင်း)

| | နိုင်ငံအဝှမ်း | ပြည်နယ် | တိုင်းဒေသကြီး |
|---|---|---|---|
| တီဗွီ | 37% | 26% | 41% |
| မိတ်ဆွေများ၊မိသားစုများနှင့် အိမ်နီးချင်းများ | 35% | 45% | 31% |
| ရေဒီယို | 35% | 26% | 38% |
| သတင်းစာများ | 13% | 5% | 16% |
| ဂျာနယ်များ | 11% | 10% | 12% |
| ကျေးရွာခေါင်းဆောင် (သူကြီး၊ အုပ်ချုပ်ရေးမှူး) | 3% | 7% | 2% |
| အင်တာနက်၊ ကွန်ပျူတာ | 3% | 3% | 3% |
| မသိပါ | 14% | 20% | 12% |

# နိဂုံးချုပ်မှတ်ချက်များ

စစ်တမ်းကောက်ယူမှုမှ ရရှိလာသောအချက်အလက်များအား မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေး၊ အားလုံးပါဝင်သည့် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုစုံလင်သော လူ့အဖွဲ့အစည်းတွင် အထောက်အပံ့ပေးရန် ကြိုးပမ်းဆောင်ရွက်နေသူတို့၏ လုပ်ငန်းစဉ်များတွင် ထုတ်ယူအသုံးပြုနိုင်မည်ဖြစ်ပေသည်။ စစ်တမ်းရလဒ်များက ဆယ်စုနှစ်များစွာတိုင်အောင် သီးခြားရပ်တည်ခဲ့ပြီး၊ စစ်ဘက်အုပ်ချုပ်ရေးနှင့် ပဋိပက္ခများကြားမှ ပေါ်ထွန်းလာသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ညွှန်းပြနေပါသည်။ ပြည်သူလူထုသည် ရရှိလာသော လွတ်လပ်မှုအသစ်များအတွက် ပျော်ရွှင်နေကြပြီး၊ ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အသုံးပြုရန် ဆန္ဒပြင်းပြလျက်ရှိကြသည်။ သို့ရာတွင် အသစ်ဖြစ်ပေါ်လာသော အစိုးရအဖွဲ့ အစည်းများ၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်သော ပြည်သူတို့၏ ဗဟုသုတမှာ အားနည်းနေသေးသည့်အပြင် ဒီမိုကရေစီစနစ် တစ်ရပ်အတွင်းရှိ ၎င်းတို့၏ ရပိုင်ခွင့်များနှင့် တာဝန်ရှိမှုများအပေါ် နားလည်သဘောပေါက်မှုမှာလည်း အကန့်အသတ် ရှိနေပြန်ပါသည်။ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်နိုင်မည့် အလားအလာအပါအဝင် မြန်မာနိုင်ငံဦးတည်နေသော လမ်းကြောင်းနှင့် ပြုပြင်ပြောင်းလဲမှုများအပေါ်တွင်လည်း သတိနှင့်ယှဉ်သော အကောင်းဘက်မှ ရှုမြင်မှုများ ရှိနေကြပါသည်။ သို့သော်လည်း အစိုးရအကြောင်းဗဟုသုတ၊ ပြုပြင်ပြောင်းလဲမှုများအပေါ် ယုံကြည်မှု စသည့်ကိစ္စရပ်များတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား သိသာထင်ရှားသော ကွဲပြားမှုများရှိနေဆဲ ဖြစ်သည်။ သမိုင်းကြောင်းအနေအထားအရ လူမှုယုံကြည်မှု နည်းပါးခြင်းနှင့် နိုင်ငံရေးအယူအဆကွဲပြားမှု နက်ရှိုင်းခြင်းတို့သည် လူအများကြားတွင် အမြစ်တွယ်တည်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ရှေ့သို့ဆက်လက်လှမ်းချီလိုပါက ယင်းကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပေလိမ့်မည်။

အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးအားထုတ်ချက်များ လုပ်ဆောင်ရာတွင် ပြည်သူ့နီတိပြန့်ပွားရေးသည် အခြေခံအကျဆုံးအဖြစ် သိသားထင်ရှားစွာ ပါဝင်ရန်လိုအပ်သည်။ ထိုမှသာ ပြည်သူလူထုသည် အစိုးရနှင့်တန်းတူ ဆက်ဆံမှုပြုလာနိုင်ပြီး ၎င်းတို့၏ ဒီမိုကရေသံမိဌာန်များ ပိုမိုနက်ရှိုင်း ခိုင်မာလာစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သမိုင်းကြောင်းရှည်ကြာစွာတည်ရှိလာသော လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများ၊ တိုင်းပြည်ပွင့်လင်းလာသည့် အလျောက်ဝင်ရောက်လာသည့် အတွေးအခေါ်ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုအသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲရန်မှာ မိရိုးဖလာထုံးတမ်းအစဉ်အလာကိုသာ လိုက်နာခဲ့သည့် လူ့အဖွဲ့အစည်းတစ်ခုအတွက် စိန်ခေါ်မှုများပင်ဖြစ်သည်။ ထို့ကြောင့် နယ်ပယ်အသီးသီးနှင့်ပတ်သက်သည့် ခေတ်နှင့်လျော်ညီသော ဗဟုသုတများကို နိုင်ငံသားများ အလွယ်တကူရယူနိုင်မည့် နည်းလမ်းများသုံး၍မြှင့်တင်ပေးရန်မဖြစ်မနေလိုအပ်ပါသည်။အများနားလည်လွယ်စေရန်အတွက်ဒေသသုံးဘာသာစကားရပ်များတွင် စကားလုံးနှင့် ဝေါဟာရ အသစ်များ ဖော်ထုတ်ရန်လိုနေကြောင်း သာဓကများစွာအရ တွေ့ရပါသည်။ မတူကွဲပြားသောနောက်ခံသမိုင်းကြောင်းဆိုင်ရာနားလည်မှုများ ရှိနေသည့် လူမျိုးစု အစုအဖွဲ့များကြား၊ တူညီသော ခံယူချက်ဖြင့် ပွင့်လင်းသောနိုင်ငံသစ်တစ်ရပ် ဖော်ဆောင်ရန်မှာ လွယ်ကူသော ကိစ္စရပ်တော့ မဟုတ်ပေ။ သို့ရာတွင် ဤသို့သော စစ်တမ်းအချက်အလက်များနှင့် သုတေသနများက ၎င်းတို့ ဘဝများအပေါ် သက်ရောက်မှုရှိသည့် အဓိကကိစ္စရပ်များအပေါ် ပြည်သူများ မည်သို့တွေးခေါ်၊ ခံစားကြကြောင်း နားလည်စေနိုင် သည်။ ထို့အပြင် ပြည်သူ့နီတိ၊ အုပ်ချုပ်ရေးမူဝါဒများ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစပျိုးမှုများက ပြည်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေသော ရလဒ်များရရှိအောင် လုပ်ဆောင်ရာ၌ အထောက်အကူပေးနိုင်ကြောင်းလည်း အခြေခံကျကျ နားလည်စေသည်။ သတိနှင့်ယှဉ်သည် ဆိုလျှင်သော်မှ ပြည်သူလူထုသည် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တရားမျှတသော အခွင့်အလမ်းများအတွက် အကောင်းဘက်မှရှုမြင်လျက်ရှိသည်။ ထိုအကောင်းမြင်မှုများသည် စာဖတ်သူများမျှော်လင့်မှုကို ပဲ့တင်ထပ်ကာ၊ မြန်မာနိုင်ငံ ဆက်လက်ဦးတည်နေသည့် အသွင်ကူးပြောင်းမှုအလွန် မြန်မာနိုင်ငံအသစ်နှင့် တစ်ထပ်တည်း ကျနိုင်မည်ဟု မျှော်လင့်မိပါသည်။



The Asia Foundation

www.asiafoundation.org